# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅၈)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ၊ ၂၂-၈-၂၀၂၅၊ တနင်္ဂနွေနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တူဗားပြည်နယ် အကြီးအကဲနှင့် တွေ့ဆုံဆွေးနွေး

### နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြား


နေပြည်တော် ဩဂုတ် ၂၂

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ကီဇီးလ်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ အိမ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲ ကျင်းပပြုလုပ်မည့် တူဗားပြည်နယ် အစိုးရအဖွဲ့ အိမ်တော်သို့ရောက်ရှိရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ကာရာ-အိုးလ် ရှော်ဘန်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့်

စာမျက်နှာ ၃ သို့ ❁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

### နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၂၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊

စာမျက်နှာ ၃ သို့ ❖

### ယနေ့ဖတ်စရာ အညွှန်း


နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

စာမျက်နှာ ၁၀

ဒီဇင် နယူးကာဆယ်အသင်းတွင် ကျောနံပါတ် (၃၇)ဂျာစီ ဝတ်ဆင်ကစားသွားမည်

စာမျက်နှာ ၁၁

ဟေမဝတသုတ္တန်ဒေသနာတော် အကျဉ်းချုပ် (ဆောင်းပါး)

စာမျက်နှာ ၁၄


## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ လာရောက်လေ့လာ

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်

စာမျက်နှာ ၇ သို့ ✪





ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

## ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၂၂

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးအတွက် မျောတုတ်တန်းအပြင်ဘက်ခြမ်းတွင် ပိုမိုတောင့်တင်းစေရန် လူအင်အားသုံး၍ နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်ဖြည့်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိသူများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများအပါအဝင် Stand Pipe အား ကရိန်းအသုံးပြု၍လည်းကောင်း၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်မည့် Geo-bags ချသည့် ဒဂုန်စာမရီ ရေယာဉ်နှင့် မြဟန်တိုးသဲယာဉ်တို့ဖြင့်လည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Geo-bags အား ရေယာဉ်အလယ်မှ ထိန်းချသည့် စက်ရေယာဉ်တွဲအပါအဝင် ရေယာဉ်ငယ်၊ သဲစက်လှေတွဲများဖြင့်လည်းကောင်း ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၅ သို့ ✣

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၃ ရက်၊ တနင်္ဂနွေနေ့။

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာအလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်နိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် သီးသန့်တွေ့ဆုံဆွေးနွေးသည်။ ထိုသို့တွေ့ဆုံရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံသမ္မတက လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းရပ်များကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိမြေပြင်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပံ့ပိုးကူညီမှုများ ပိုမိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယမန်နေ့က တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသည် နယ်နိမိတ်ကျယ်ဝန်းသကဲ့သို့ လူဦးရေများပြားပြီး သယံဇာတများ ပေါကြွယ်ဝသည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၅ သန်းခန့်ရှိသည်ဟုသိရှိရပြီး မိမိတို့နိုင်ငံလူဦးရေ၏ ငါးဆခန့်ရှိပါကြောင်း၊ မိမိတို့ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများ မြန်မာနိုင်ငံကို ရောက်ရှိလေ့လာခဲ့ပြီး ရင်းနှီးကျွမ်းဝင်မှုလည်းရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အဓိကအားဖြင့် ဘယ်လာရုစ်နိုင်ငံ၏ စက်မှုစိုက်ပျိုးမွေးမြူရေးနည်းပညာနှင့် အတွေ့အကြုံများကို မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် မိမိအနေနှင့် အသိအမှတ်ပြုပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေတည်ငြိမ်ရေး အဆွေတော်ဦးဆောင်သည့်အဖွဲ့က ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင်လည်း ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ထောက်ခံရွေးချယ်ခဲ့သည့် အစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့်အဆွေတော်သမ္မတကြီးအနေဖြင့် ပြည်သူများ လိုအပ်သည်များကို ဆောင်ရွက်ပေးသည့်အခါ၌ လိုအပ်ချက်များရှိပါက မိမိတို့ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကူညီပေးရန်အသင့်ရှိပါကြောင်း၊ မိမိတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် အချိန်၌ ဆွေးနွေးချက်များကို မိမိတို့အနေဖြင့် မလွဲမသွေ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မိမိကို နွေးထွေးစွာဖြင့် ကြိုဆိုပြီး လက်ခံတွေ့ဆုံသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလာရောက်သည့်အချိန်တွင် မိမိတို့အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့် တာဝန်ရှိသူများပါရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်းပါဝင်ကြောင်း၊ နှစ်နိုင်ငံအကြားစီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများအပါအဝင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များအားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်က ပြောကြားထားဖူးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး အသိအမှတ်ပြု ချီးကျူးပြောကြားပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့် ရော၊ မိမိ၏ပုဂ္ဂိုလ်ရေးအရရော မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်သကဲ့သို့ အဆွေတော်တို့ နိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုမြှင့်တင်ခြင်းအဖြစ် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဖြစ်သို့ အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှု၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း ရေးသားလိုက်ရပေသည်။

## ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ ငှားရမ်းပေး

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် တိုင်းဒေသကြီး စီမံကိန်းရုံးရှိ ဝန်ထမ်းများအား အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက ရွှေ့လျားစာကြည့်တိုက် ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အား အခမဲ့ငှားရမ်းပေးခဲ့သည်။

အဆိုပါ စာအုပ်၊ စာစောင် များ ငှားရမ်းပေးရာတွင် ယင်း ရွှေ့လျားစာကြည့်တိုက်ယာဉ်၌ သုတ၊ ရသစာအုပ်ပေါင်း နှစ်ထောင်ကျော်ရှိပြီး နှစ်ပတ်လျှင် တစ်ကြိမ် အခမဲ့ လဲလှယ်ပေး သွားမည်ဖြစ်ကာ မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်၊ စာစောင်များကိုအခမဲ့ ငှား ရမ်းပေးခဲ့သည်။

ယင်းစာအုပ်၊ စာစောင်များ ကို ငှားရမ်းဖတ်ရှုလိုပါက ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ပြည်သူ့စာကြည့် တိုက်တွင် အခမဲ့လာရောက် ငှားရမ်း ဖတ်ရှုနိုင်ကြောင်း သိရ သည်။

**စင်မင်းမောင်(ခရိုင်/ပြန်ဆက်)**

## မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၁)ရပ်ကွက်၊ ဓမ္မပါလ ဓမ္မာရုံရှိ သံဃာတော်များနှင့် ဒေသခံပြည် သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံနယ်လှည့် ဆေးကုသ ရေးအဖွဲ့က သွားရောက်၍ အဆိုပါဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ပေးရာ တွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သံဃာ တော် ၁၅ ပါး၊ ဒေသခံပြည်သူ ၁၂၄ ဦး စုစုပေါင်း ၁၃၉ တို့ အား သွေးတိုးရောဂါ၊ အဆစ် အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှုလမ်း ကြောင်း ဆိုင်ရာရောဂါ၊ နား ၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ် ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါ တို့နှင့်ပက်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင် ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြော ဆွေးနွေးကာ ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် လူနာများ အား နယ်မြေခံတပ်မတော်ဆေး ရုံသို့ တက်ရောက်ဆေးကုသနိုင် ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို အလယ်ပိုင်းတိုင်းစစ်ဌာန ချုပ်မှ တာဝန်ရှိသူများက သွား ရောက်ကြည့်ရှုအားပေးခဲ့ပြီး လို အပ်သည်များ ဖြည့်ဆည်း ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ)(ဝ၃၈)**

## ထီလာမောင်ဖလား(အမျိုးသား)အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူး ကျင်းပသည့် ထီလာမောင်ဖလား (အမျိုးသား)အလွတ်တန်းဖိတ် ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်း အနားကို ဩဂုတ် ၂၁ ရက် ညနေ ၄ နာရီက ခရိုင်အား ကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးအောင် မြင့်ဦးက အဖွင့်အမှာစကားပြော ကြားပြီး ပြိုင်ပွဲဝင်မည့်ဘောလုံး အသင်းများမှ အားကစားသမား များအား တာဝန်ရှိသူများက လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ဗိုလ်တစ်ထောင်အသင်းနှင့် ဘုန်းရိပ်အသင်းတို့၏ ယှဉ်ပြိုင် ကစားမှုကိုတာဝန်ရှိသူများ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ဘောလုံး ဝါသနာရှင်များက ကြည့်ရှုအား ပေးခဲ့ကြပြီး အဆိုပါဘောလုံး ပြိုင်ပွဲတွင် ဘောလုံးအသင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ ကို စက်တင်ဘာ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

**(အောက်ပုံ)(၄၅၃)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❁ ရှေ့ဖုံးမှ

ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တူဗားပြည်နယ် အကြီးအကဲနှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ တူဗားပြည်နယ် အကြီးအကဲက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားပြီး တူဗားပြည်နယ်၏သမိုင်းကြောင်းဆိုင်ရာများနှင့် ဒေသဆိုင်ရာ အချက်အလက်များ၊ တူဗားပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်တွင် နေထိုင်သူအများစုသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး မြန်မာနိုင်ငံနှင့် ကိုးကွယ်ယုံကြည်မှုများ တူညီလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လိုမှုများနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ်၏ သမိုင်းကြောင်း၊ သာယာလှပမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေး ပြောကြားရာတွင် တူဗားပြည်နယ်အကြီးအကဲနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များအနေဖြင့် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် တူဗားပြည်နယ်သို့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းဖြစ်ပြီး သန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်သည့် တောတောင်ရှုခင်းများကို မြင်တွေ့ရသဖြင့် မိမိတို့၏စိတ်နှလုံးကို ချမ်းမြေ့စေ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ် တို့ တွေ့ဆုံဆွေးနွေးစဉ်။

ကြောင်း ပြောကြားပြီး မြန်မာ - ရုရှား နှစ်နိုင်ငံသည် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံများဖြစ်ကြပြီး အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံမှုများရှည်လျားကောင်းမွန်လျက်ရှိမှုနှင့် ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ရန် အကောင်းဆုံး အခြေအနေသို့ ရောက်ရှိလျက်ရှိမှု၊ နှစ်နိုင်ငံ ဗဟိုအစိုးရအဖွဲ့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက် ရှိသကဲ့သို့ နှစ်နိုင်ငံမှ ပြည်နယ်များ အချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိမှု၊ တူဗားပြည်နယ်သည် တွင်းထွက်သယံဇာတများထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်သည့် ပြည်နယ်တစ်ခုဖြစ်ကာ မိမိတို့နိုင်ငံသည်လည်း မြေပေါ်မြေအောက် သယံဇာတများ ပေါများစွာထွက်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံနှင့် တူဗားပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်သည့် အလားအလာနှင့် အခွင့်အလမ်းရှိမှု၊ မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သည့်နိုင်ငံဖြစ်သကဲ့သို့ တူဗားပြည်နယ်တွင် နေထိုင်သူ အများစုသည်လည်း တိဗက်ဗုဒ္ဓဘာသာများ ဖြစ်ကြသဖြင့် ဘုရားဖူးခရီးစဉ်များနှင့် ခရီးသွားလုပ်ငန်းများ အပြန်အလှန် မြှင့်တင်ဆောင်ရွက်နိုင်မှု၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများ အချင်းချင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုမြှင့်တင်နိုင်ရန်အတွက် သံတမန်ဆက်ဆံမှုများကို ယခုထက်ပိုမိုတိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ပြန်လည်ဆွေးနွေးပြောကြားသည်။







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တူဗားပြည်နယ်အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (အပေါ်ပုံ) နှင့် ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေစဉ်။(ဝဲပုံ)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ်အကြီးအကဲတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တူဗားပြည်နယ် အကြီးအကဲက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တူဗားပြည်နယ် ယဉ်ကျေးမှုအဖွဲ့က ပြည်နယ်ရိုးရာယဉ်ကျေးမှုတေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ် ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တူဗားပြည်နယ် အကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

❖ နေရာစိပ်စိပ်မှ

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်နှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၂၂

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး မိသားစုများနှင့် သင်တန်းသားများအား ယမန်နေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် Double Tress by Hilton ဟိုတယ်၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ ခရီးစဉ်တွင် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိများ၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းသားများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။

နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီး နောက်ပိုင်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ခရီးစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် အလှမ်းကွာဝေးသည့် နိုင်ငံတစ်ခုဖြစ်သော်လည်း ယခင်နိုင်ငံ့အကြီးအကဲများက အမြော်အမြင်ကောင်းမွန်စွာဖြင့် ဘယ်လာရုစ်နိုင်ငံနှင့်ဆက်ဆံရေးကို စတင်တည်ထောင်ခဲ့ပြီး မိမိအနေဖြင့် နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် နှစ်နိုင်ငံအကြား ဆက်ဆံမှုများ ပိုမို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ကာ ယခုအခါ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို တိုးတက်လာခဲ့ပြီ ဖြစ်ကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု မြှင့်တင်ခြင်းအဖြစ် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် မိမိတို့နိုင်ငံ၏ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံပင်ဖြစ်ကြောင်း။

ဘယ်လာရုစ် နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ခေတ်မီစက်ကိရိယာများဖြင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ သိပ္ပံနှင့် နည်းပညာများလည်း များစွာ ဖွံ့ဖြိုး တိုးတက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မိမိတို့နိုင်ငံ၏ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်စေရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

☆ ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

☆ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအောင်မြင်စေရေးအတွက် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်

ဘယ်လာရုစ်နိုင်ငံတွင် လယ်ယာစက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသကဲ့သို့ မွေးမြူရေးလုပ်ငန်းများတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် အောင်မြင်စွာ ဆောင်ရွက်ပြီး ထုတ်ကုန်များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်သဖြင့် အခြေခံအားဖြင့် တူညီမှုရှိကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ရောက်ရှိချိန်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို မျက်မြင်တွေ့ရှိခဲ့ရကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် ဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံနှင့် ဆက်ဆံမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအောင်မြင်စေရေးအတွက် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ ပညာရေးသင်ကြားရေးသည်လည်း အဆင့်မီသည့် ပညာရေးစနစ်တစ်ခုဖြစ်သည်ကို တွေ့ရှိရပြီး မိမိတို့နိုင်ငံ အပါအဝင် နိုင်ငံတကာမှ သင်တန်းသား များလည်း လာရောက်၍ ပညာများဆည်းပူးလျက်ရှိသည်ကို သိရှိရကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် လာရောက်ပညာသင်ကြားလျက် ရှိသည့် ပညာတော်သင် သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာ သင်ကြားရသည့် ဘာသာရပ်များအား မိမိတို့နိုင်ငံ၏အကျိုးအတွက် ပြန်လည်အသုံးချနိုင်ရေး စနစ်တကျသင်ယူကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံနှင့်အလှမ်းကွာဝေးပြီး ရာသီဥတုဆိုးရွားသည့်နိုင်ငံတစ်ခုတွင် ငွေကြေးနှင့်အချိန်များ ပေးဆပ်၍ သင်ကြားနေကြရခြင်းဖြစ်သဖြင့် စနစ်တကျသင်ယူပြီး နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ကဲ့သို့ အာရှနိုင်ငံများမှ လာရောက်သင်ကြားလျက်ရှိသည့် နိုင်ငံသားများနှင့် ပေါင်းသင်းဆက်ဆံမှုများ ကောင်းမွန်အောင် ဆောင်ရွက်ပြီး မိမိတို့နိုင်ငံ၏ ဂုဏ်ကို ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ သမိုင်းဖြစ်ရပ်မှန်များကို မိမိတို့ကိုယ်တိုင်သိရှိအောင် လေ့လာဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ မသိရှိသေးသူများကိုလည်း သိရှိစေရေး တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးရန်လိုကြောင်း။

မိမိတို့၏ အတွေ့အကြုံနှင့် တိုင်းပြည်၏ အခြေအနေအပေါ်မူတည်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်ပတွင် နေထိုင်စဉ်အတွင်း တိုင်းပြည်မျက်နှာမပျက်အောင် နေထိုင်ဆောင်ရွက်ရန်၊ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည့် ကိုယ်လက်လှုပ်ရှားအားကစားများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရေးအပိုင်းတွင်လည်း တစ်ဦးချင်းအတွက် အကျိုးဖြစ်ထွန်းစေမည့် ဘာသာစကားများကို လေ့လာရန်လိုသကဲ့သို့ ပြောင်းလဲတိုးတက်လျက်ရှိသည့် ခေတ်မီနည်းပညာများကိုလည်း စဉ်ဆက်မပြတ် လေ့လာနေကြရန် လိုကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် ရာသီဥတုဆိုးရွားသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် တစ်ဦးချင်း၏ ကျန်းမာရေးကို ဂရုစိုက်ကြရန်နှင့် ကျန်းမာရေးကို အထောက်အကူ ပြုစေမည့် ကိုယ်လက်လှုပ်ရှား အားကစားများကို လုပ်ဆောင်ကြရန်လိုကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံးမိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့သို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၂၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။



နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich နှင့် ဘယ်လာရုစ်နိုင်ငံအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အမျိုးသမီးငယ်နှစ်ဦးက တူဗားပြည်နယ်၏ ယဉ်ကျေးမှုတစ်ခုဖြစ်သော တူဗားပြည်နယ်သို့ လာရောက်သည့် ဧည့်သည်တော်များကို နက်ရှိုင်းသောလေးစားမှုနှင့် ဂုဏ်ပြုမှုကိုဖော်ပြသည့် အထိမ်းအမှတ်ပုဝါများကို ခြုံလွှမ်းပေးပြီး လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြန်လည်ထွက်ခွာ

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်း၏ တစ်ဖက်တစ်ချက်တွင် နေရာယူ၍ အလေးပြုကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တူဗားပြည်နယ် ကီဇီးလ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ တူဗားပြည်နယ် အကြီးအကဲ မစ္စတာ ဗလာဒီစလပ် ခိုဗာလစ်ဂ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အတူ ဘယ်လာရုစ် သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင်ရှုဇနက်ကော့ဗ်တို့သည် ဩဂုတ် ၂၁ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများသည် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တွေ့ဆုံပွဲကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် လယ်ထွန်စက်ထုတ်လုပ်ခြင်း၊ Optical Rader ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ သံရုံးအဆောက်အအုံ သို့မဟုတ် မြေနေရာလဲလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ဗီဇာကင်းလွတ်ခွင့် အသက်ဝင်နေပြီဖြစ်သောကြောင့် လေကြောင်းလိုင်းများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန် ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ Tourism Infrastructure များစွာရှိခြင်းကြောင့် ခရီးသွားကဏ္ဍတွင်လည်း နှစ်ဖက်တိုးမြှင့် ဆောင်ရွက်သွားရန် လိုအပ်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဘယ်လာရုစ်နိုင်ငံဘက်မှ ဆောင်ရွက်သွားလိုသည့် ကိစ္စများအလိုက် မြန်မာနိုင်ငံသို့ စာပေးပို့စေလိုကြောင်း၊ မိမိတို့ဘက်မှ အကောင်းဆုံး ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✣ ဟသ္သာတခရိုင်မှ

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ကြည့်ရှုစစ်ဆေးပြီး ရေစီးဝင်လမ်းကြောင်း၏ ရေစီးနှုန်းပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်မည့် အခြေအနေ၊ ရေဝင်လမ်းပိတ်လုပ်ငန်းနှင့် ပူးတွဲဆောင်ရွက်နိုင်ရန် ကျောက်ကြီးများ ကြိုတင်စုဆောင်း၍ Barge တွဲဖြင့် လုပ်ငန်းခွင်သို့ စီစဉ်သယ်ယူလျက်ရှိသည့်အခြေအနေနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင်များ၏ ဝေဖန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်းပိတ်ဆို့နိုင်ရေး အကြံပြုဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လေးမျက်နှာမြို့ အမှတ်(၃)ရပ်ကွက်နှင့် သခွတ်ချောင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ ရေကျဆင်းပြီးနောက် ပျက်စီးဆုံးရှုံးမှုများ အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရေး၊ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က အားပေးစကားပြောကြားသည်။

အလားတူ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးက မြွေအန္တရာယ်၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းဆိုင်ရာများကို ကျန်းမာရေးအသိပညာပေး ဟောပြောပြီး ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# အနေဝေးသော်လည်း သွေးမဝေးသော ယုံကြည်စိတ်ချအားထားရသည့် ကာလရှည်မိတ်ဖက်နိုင်ငံ

**မောင်ငြိမ်းအေး**

(ယမန်နေ့မှအဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းအခမ်းအနား စတင်ကျင်းပရာတွင် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ နိုင်ငံတော်သီချင်းတို့ကိုဖွင့်လှစ်၍ တက်ရောက်ကြသူများက အလေးပြုခဲ့ခြင်း၊ နိုင်ငံတော်သမ္မတက ဘွဲ့တံဆိပ်လက်ခံခြင်းတို့သည် မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ မှတ်တိုင်တစ်ခုကို မော်ကွန်းတင်စိုက်ထူလိုက်ခြင်းဖြစ်သည်။

ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ် အပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့် အဆင့်မြင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းအပေါ် ဘုတ်အဖွဲ့အနေဖြင့် တညီတညွတ်တည်း ထောက်ခံခဲ့ခြင်းသည် ကောင်းမွန်သည့်ဆောင်ရွက်ချက်တစ်ခုပင် ဖြစ်ပါကြောင်း၊ ထိုသို့ထောက်ခံဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ပညာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မိမိတို့ရုရှားနိုင်ငံသမ္မတကြီး မစ္စတာ ဗလာဒီမာပူတင်တို့ တွေ့ဆုံစဉ် ဆွေးနွေးပြောကြားခဲ့သကဲ့သို့ ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာ-ရုရှား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးသည် အရှိန်အဟုန်ဖြင့်တိုးတက်နေပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများတွင် ပညာရေးပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ပါကြောင်း။

**တိုးတက်ခိုင်မာစေမည်**

ရုရှားနိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာပညာတော်သင်များ နှစ်စဉ်လာရောက်သင်ကြားလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း မြန်မာပညာတော်သင်များကို ပညာတော်သင်ဆုများ နှစ်စဉ်တိုးမြှင့်ပေးအပ်လျက်ရှိနေပါကြောင်း၊ နှစ်နိုင်ငံအကြား ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်း ယမန်နှစ်က လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခြင်းဖြင့် နှစ်နိုင်ငံရင်းနှီးရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးမြှင့်နိုင်မည်ဟုယုံကြည်ပါကြောင်းနှင့် ယနေ့ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခ ဘွဲ့တံဆိပ်အပ်နှင်းခြင်းသည်လည်း ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ရင်းနှီးရင်းစွဲဆက်ဆံရေးကို ပိုမိုတိုးတက်ခိုင်မာစေမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။



ဩဂုတ် ၁၉ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ပြည်ထောင်စုအစိုးရ ဘတ်ဂျက်သုံး အဆင့်မြင့်ပညာရေးဌာန G.V. Plekhanov စီးပွားရေးတက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို တက္ကသိုလ်ပါမောက္ခချုပ်က အပ်နှင်းစဉ်။

ထို့နောက် တက္ကသိုလ်ပါမောက္ခချုပ်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား G.V. Plekhanov စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့တံဆိပ်အပ်နှင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ပညာသင်ကြားခဲ့မှုနှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များနှင့် နိုင်ငံတော်တာဝန်များကို အဆင့်ဆင့်ထမ်းဆောင်နိုင်ခဲ့မှု၊ ပြည်တွင်းနှင့်နိုင်ငံတကာမှ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သာသနာရေးဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ခဲ့မှုများနှင့် နိုင်ငံတကာဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ရရှိခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

**မြန်မာနိုင်ငံကိုပါဂုဏ်ပြုခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက "ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထင်ရှားကျော်ကြားလှသည့် ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်မှ မိမိအား (Plekhanov Russian University of Economics) "ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့"ကို ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိသည်ကို ဦးစွာပြောကြားလိုကြောင်း၊ ပလက်ဟာနော့ဗ်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ ယခုဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်ကြောင်း" ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။


ပလက်ဟာနော့ဗ်တက္ကသိုလ်သည် ယခုအခါ သက်တမ်း ၁၁၉ နှစ်ရှိခဲ့ပြီး နိုင်ငံပေါင်း ၇၅ နိုင်ငံမှ နိုင်ငံတကာ ကျောင်းသားများအပါအဝင် ကျောင်းသား ကျောင်းသူ ၁၄၀၀၀ ကျော် မွေးထုတ်ပေးခဲ့သည်ဟုသိရသည်။ နိုင်ငံတကာနှင့် ပညာရပ်ဆိုင်ရာချိတ်ဆက်မှုများ အားကောင်းစေရန် အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ထင်ရှားသည့် ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များနှင့် ပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခဲ့ရုံမျှမက ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သည့် တက္ကသိုလ်ကြီးဖြစ်သည်။ ထိုတက္ကသိုလ်မှ နိုင်ငံတော်သမ္မတအနေဖြင့် တစ်စိတ်တစ်ပိုင်းပါဝင်ခွင့်ရခဲ့သဖြင့် မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်သည်။ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ အပ်နှင်းမှုသည် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နှစ်ကာလကြာရှည်စွာတည်ရှိနေခဲ့သည့် ချစ်ကြည်ရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံပြည်သူများအကြား နွေးထွေးသည့်သံယောဇဉ်ကို ပိုမိုခိုင်မာစေသည့် ပြယုဂ်တစ်ခုလည်းဖြစ်သည်။

**ပိုမိုနက်ရှိုင်းခိုင်မာလာ**

မြန်မာ-ရုရှား သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်ပြည့်မြောက်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နီးကပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကို ထူထောင်ထားရှိနိုင်ခဲ့ရုံမျှမက ပိုမိုနက်ရှိုင်းသည့် စီးပွားရေး၊ နည်းပညာနှင့် ကဏ္ဍစုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် စီးပွားရေးကဏ္ဍ၊ စွမ်းအင်၊ အာကာသနှင့် နျူကလီးယားနည်းပညာကို ငြိမ်းချမ်းသည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုရေးတို့တွင် သိသာထင်ရှားသည့် တိုးတက်မှုများကို ဖော်ဆောင်နိုင်ခဲ့သည်။ နှစ်နိုင်ငံအကြား အပြန်အလှန်ခရီးစဉ်များနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်လျက်ရှိပြီး လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနက်ရှိုင်းခိုင်မာလာကာ အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာသည်။ နိုင်ငံတော်သမ္မတအနေဖြင့် ရုရှားနိုင်ငံသို့ရောက်ရှိခဲ့သည့် ယခုခရီးစဉ်သည် (၁၄)ကြိမ်မြောက်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ✣

> **"ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ထင်ရှားကျော်ကြားလှသည့် ပလက်ဟာနော့ဗ် ရုရှားစီးပွားရေးတက္ကသိုလ်မှ မိမိအား (Plekhanov Russian University of Economics) "ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့"ကို ပေးအပ်ချီးမြှင့်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိသည်ကို ဦးစွာပြောကြားလိုကြောင်း၊ ပလက်ဟာနော့ဗ်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ကို ပေးအပ်ချီးမြှင့်ခြင်းသည် မိမိတစ်ဦးတည်းကို ဂုဏ်ပြုခြင်းမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးကိုပါ ဂုဏ်ပြုခြင်းဖြစ်သည်ဟု မှတ်ယူပါကြောင်း၊ ယခုဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့သည် တစ်ဦးတစ်ယောက်၏ အသိအမှတ်ပြုခံရမှုမျှသာမဟုတ်ဘဲ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ပညာရေး၊ သုတေသနနှင့် အနာဂတ်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားကြရန်အတွက် တွန်းအားတစ်ရပ်ပင်ဖြစ်"**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်)တွင် ဩဂုတ် ၁၉ ရက်က ကြည့်ရှုလေ့လာစဉ်။

❖ စာမျက်နှာ ၆ မှ

ထို့ပြင် မြန်မာနိုင်ငံ၏ အနာဂတ်ကိုပိုင်စိုးကြမည့် မျိုးဆက်သစ် မြန်မာနိုင်ငံသား လူငယ်လူရွယ်များ၏ အသိပညာ၊ အတတ်ပညာများ ပိုမိုတိုးတက်ပြည့်စုံစေရေးအတွက် ရုရှားနိုင်ငံအပါအဝင် ပြည်ပသို့ ပညာတော်သင်များ စေလွှတ်လျက်ရှိသည်။ လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း ရုရှားနိုင်ငံသို့ မြန်မာပညာတော်သင် ၇၀၀၀ ကျော် စေလွှတ်တက်ရောက်စေခဲ့သည်။ ရလဒ်အကျိုးဆက်အဖြစ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍပေါင်းစုံမှ တိုးမြှင့်ဆောင်ရွက်နိုင်သည့်အတွက် ရုရှားနိုင်ငံကို ကျေးဇူးတင်ရမည် ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် သိပ္ပံ၊ နည်းပညာသာမက စီးပွားရေးပညာရှင်များ၊ သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်နားလည်သူများ၊ ဥပဒေကျွမ်းကျင်နားလည်သူများ အများအပြားလိုအပ်သည်။ ထို့ကြောင့် လွန်ခဲ့သည့် လေးနှစ်မှစပြီး မြန်မာနိုင်ငံမှ ဝိဇ္ဇာသိပ္ပံပညာသင် တက္ကသိုလ်အားလုံးတွင် ဝိဇ္ဇာဘွဲ့(စီးပွားရေး)၊ ဝိဇ္ဇာဘွဲ့ (ဥပဒေ) သင်တန်းများ ဖွင့်လှစ်ခြင်း၊ ထူးချွန်ကျောင်းသား ပညာသင်ဆုများ ပေးအပ်ခြင်းတို့ဖြင့် ဆောင်ရွက်နေသည်။

## ကူညီအားပေးထောက်ခံမှု

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည်။ ယခင်က မူလတန်းပညာ မသင်မနေရ သတ်မှတ်သင်ကြားစေလျက်ရှိသော်လည်း ယခုအခါ KG+9 အလယ်တန်းပြီးသည်အထိ မသင်မနေရ သတ်မှတ်ဆောင်ရွက်နေသည်။ ပညာရေးအသုံးစရိတ်များကိုလည်း နိုင်ငံဘဏ္ဍာငွေခွဲဝေရာတွင် ၁၀ ရာခိုင်နှုန်းအထိ သတ်မှတ်သုံးစွဲလျက်ရှိသည်။ ပညာရေးအားနည်းသည့်ဒေသများအတွက် အထူးစီမံချက်များချမှတ်ပြီး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ကာ ပညာရေးဒီဂရီကောလိပ်များကို ဆရာအတတ်ပညာသင်တက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ပြီး ပညာရေးကဏ္ဍကို အထူးမြှင့်တင်အားပေးဆောင်ရွက်နေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပညာရပ်ဆိုင်ရာဖလှယ်မှုများ၊ သုတေသနပူးပေါင်းဆောင်ရွက်မှုများနှင့် ပညာတော်သင်စေလွှတ်မှုများကဲ့သို့ ပညာရေးပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိသည်။ ယခု မြန်မာနိုင်ငံနှင့် ပြည်သူများအပေါ် ရုရှားနိုင်ငံ၏ ကူညီအားပေးထောက်ခံမှုကို ကျေးဇူးတင်ရမည် ဖြစ်သည်။

## အာကာသမှတ်တမ်းပြတိုက်

ထို့နောက် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ဩဂုတ်လ ၁၉ ရက်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် မော်စကိုမြို့ရှိ အာကာသမှတ်တမ်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။ အာကာသမှတ်တမ်းပြတိုက်အတွင်းရှိ ရုရှားနိုင်ငံမှ ပထမဆုံး လွှတ်တင်ခဲ့သည့် ဂြိုဟ်တုပုံတူပြကွက်၊ ယူရီဂါဂါရင်လိုက်ပါခဲ့သည့် အာကာသယာဉ်ပုံစံတူနှင့် ၎င်း၏ဘဝပုံရိပ်ပြခန်း၊ အာကာသယာဉ်မှူးဝတ်စုံများပြကွက်၊ ကမ္ဘာမြေအား အာကာသမှ ပထမဆုံးမှတ်တမ်းဓာတ်ပုံရိုက်ခဲ့သည့် ကင်မရာကြီးပြကွက်၊ လဆင်းယာဉ်သရုပ်ပြ ပြကွက်၊ ကမ္ဘာမြေပေါ်သို့ကျရောက်ခဲ့သည့် ဥက္ကာခဲများပြကွက်၊ ဂြိုဟ်တုလွှတ်တင်ရေးစခန်းပုံစံငယ်များ ပြကွက်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ ရုရှားနိုင်ငံ မော်စကိုမြို့ရှိ Memorial Museum of Cosmonautics (အာကာသမှတ်တမ်းပြတိုက်) ကို ၁၉၈၁ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် လူသားတို့၏ အာကာသအောင်နိုင်မှုအထိမ်းအမှတ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ၎င်းပြတိုက်သည် မော်စကိုမြို့ VDNKh မက်ထရိုဘူတာအနီးရှိ ၁၀၇ မီတာမြင့်သော "Monument to the Conquerors of Space" ဒုံးပျံအထိမ်းအမှတ်ကျောက်တိုင်ကြီး၏အောက်ခြေတွင် တည်ရှိပြီး ပြတိုက်အတွင်း ဆိုဗီယက်နှင့် ရုရှားတို့၏ အာကာသနည်းပညာဆိုင်ရာပြခန်းများ၊ ကမ္ဘာဦးဆုံး အာကာသယာဉ်မှူး ယူရီဂါဂါရင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ နာမည်ကျော်အာကာသခွေး Belka နှင့် Strelka တို့၏ ရုပ်ကလာပ်များအပါအဝင် အာကာသဆိုင်ရာပြကွက်ပေါင်း ၈၅၀၀၀ ကျော်ကို စုံလင်စွာခင်းကျင်းပြသထားသဖြင့် ကမ္ဘာတစ်ဝန်းမှ ခရီးသွားများ မပြတ်မနေလာရောက်လေ့လာကြသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မော်စကိုမြစ်အတွင်း မြစ်တွင်းသွားရှုခင်းကြည့်သင်္ဘောဖြင့် မော်စကိုမြစ်တစ်လျှောက် လိုက်ပါစီးနင်းကြပြီး မြို့ပြစနစ်တကျဖွံ့ဖြိုးတိုးတက်လျက်ရှိမှုနှင့် သာယာလှပမှုများ၊ မြစ်ကြောင်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ မြစ်ကမ်းတစ်လျှောက်ရှိ မြို့ကွက်များအလိုက် Green Zone များ စနစ်တကျဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ဩဂုတ် ၁၉ ရက်က လှည့်လည်ကြည့်ရှုစဉ်။

## နိုင်ငံကောင်းမွန်တိုးတက်ရေး

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား ဩဂုတ် ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တွေ့ဆုံအမှာစကားပြောကြားသည်။ နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ တည်ငြိမ်မှုမရှိခြင်းသည် မိမိတို့နိုင်ငံ၏အားနည်းချက်ပင်ဖြစ်ကြောင်း၊ ကိုလိုနီလက်အောက်သို့ ရောက်ခဲ့ရခြင်း၏ အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် နှစ်ပေါင်းများစွာ တိုးတက်မှုမရှိခဲ့သည်မှာ သင်ခန်းစာယူဖွယ်ပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တပ်မတော်တွင် တာဝန်ယူစဉ်ကပင် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့် တာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင်လည်း နိုင်ငံကောင်းမွန်တိုးတက်အောင် စိတ်ရင်းစေတနာအမှန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများတောင်းဆိုလျက်ရှိသည့် ဒီမိုကရေစီအခွင့်အရေးများနှင့် ဖက်ဒရယ်အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ရရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် နိုင်ငံ၏ပညာရည်အဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း နှစ်စဉ် ပညာတော်သင်များ စေလွှတ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာဆက်ဆံရေးများကောင်းမွန်စေရေး၊ လုပ်ငန်းခွင်များတွင် ဆက်ဆံရေးများကောင်းမွန်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အတတ်ပညာများကို သင်ကြားလျက်ရှိသကဲ့သို့ ဗဟုသုတရရှိစေမည့်စာအုပ်စာပေများကိုအမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံသားများ၏ အရည်အသွေးမြင့်မားစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့နောင်လာနောက်သားများအတွက် ကောင်းမွန်သည့်အမွေများ ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

## မြန်မာဆိုသည့်စိတ်ဖြင့်

နိုင်ငံ့အရေးအတွက် ဆောင်ရွက်ရာတွင် ကောင်းမွန်သည့်စိတ်များဖြင့် ဆောင်ရွက်လိုသည့်စိတ်များ မွေးမြူကြရန်လိုကြောင်း၊ ယခု ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် သံတမန်များအဖြစ် လာရောက် တာဝန်ထမ်းဆောင်နေကြသူများနှင့် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများသည် သက်ဆိုင်ရာဌာနများအလိုက် ခေါင်းဆောင်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်ရာဌာနအလိုက် နိုင်ငံကောင်းအောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့် လေ့လာကြိုးပမ်းဆောင်ရွက်ပြီး ထမ်းဆောင်ရသည့်လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကောင်းမွန်သည့်နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်နေချိန်တွင် နိုင်ငံတော်အတွက် ခိုင်ခိုင်မာမာဖြင့် တာဝန်ထမ်းဆောင်လိုသည့်စိတ်၊ မိမိတို့နိုင်ငံကိုထိလျှင် မြန်မာဆိုသည့်စိတ်ဖြင့် ကာကွယ်လိုစိတ်၊ နိုင်ငံအတွက် ကောင်းမွန်စေလိုသည့်စေတနာစိတ်များဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြစေလိုကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း မိမိတို့နိုင်ငံ၏ ဖြစ်စဉ်ဖြစ်ရပ်မှန်နှင့် သမိုင်းမှန်များကိုသိရှိအောင် ဆောင်ရွက်ကြပြီး မိမိတို့နိုင်ငံ၏သမိုင်းကြောင်းများနှင့် အခြေအနေမှန်များကိုမသိရှိသည့် နိုင်ငံတကာမှ ကျောင်းသားများအား သိရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပနိုင်ငံသို့ရောက်ရှိနေချိန်တွင် မိမိတို့နိုင်ငံ၏အလံတော်နှင့် နိုင်ငံတော်သီချင်းကို မမေ့ရန်၊ မြန်မာဆိုသည့်စိတ်ဖြင့်နေထိုင်ကြရန် မှာကြားခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ကောင်းမွန်လျက်ရှိသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုအခန်းကဏ္ဍများတွင်သာမက ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံနိုင်သည့် ကဏ္ဍပေါင်းစုံတွင်လည်း ယခုခရီးစဉ်မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိခဲ့သည့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတမစ္စတာအလက်ဇန္ဒားလူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီး ဆက်လက်သွားရောက်ရန်အတွက် ဩဂုတ်လ ၂၀ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

(ဆက်လက်ဖော်ပြပါမည်)

---

✪ တပ်မတော်မှ

ရှုခင်းများကိုကြည့်ရှု၍ စိတ်ကိုကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ခေတ်အေး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် ပြကွက်များကိုကြည့်ရှုလေ့လာကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၂၂

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

# နိုင်ငံတော်သမ္မတ၏ဇနီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများဆက်ကပ်လှူဒါန်း



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်နှင့် အသုံးအဆောင် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ကြူကြူလှ တက်ရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ၊ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များ ကြွရောက်ကြပြီး ဒုတိယသမ္မတ (၁)၏ ဇနီး ဒေါ်စမ်းစမ်းအေး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၏ ဇနီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဇနီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်များက သရဏဂုံ သုံးပါး ပါဠိနှင့် မေတ္တာပို့လင်္ကာနစ်ပိုဒ်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများက အလှူရှင်များအား မေတ္တာပို့လင်္ကာများ ရွတ်ဆို၍ ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ၏ ဇနီးသည် ပုဗ္ဗသီရိမြို့နယ်ရှိ ပြင်ကြီးသာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီနှင့် ချမ်းမြေ့ဂုဏ်ဝေသီလရှင်ကျောင်း၊ အမရာဝတီပညာရေး စင်တာမှ ဒေါက်တာ ဒေါ်ဆေကဝတီတို့ထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ(၁)၏ ဇနီး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ဇနီးများနှင့် တက်ရောက်လာကြသူများသည် သာသနာ့နွယ်ဝင် သီလရှင်ကြီးများ၊ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်းများမှ သီလရှင်များထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် အလှူဒါနမြတ်ဘာဂကို သုံးဆယ့်တစ်ဘုံသားတို့အား မေတ္တာပြ၍ ကုသိုလ်ပြုအမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်းရှိ သီလရှင်စာသင်တိုက်များနှင့် သီလရှင်ကျောင်း ၆၄ ကျောင်းတို့မှ သီလရှင် ၁၄၇၄ ပါးတို့အတွက် ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းငွေ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၅၆၂၇၃၄၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ကြူကြူလှ ပြင်ကြီးသာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်မှ ဒေါ်နန္ဒမာနီထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဒုတိယ သမ္မတ(၁)၏ဇနီး ဒေါ်စမ်းစမ်းအေး သီလရှင်များထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး သီလရှင်များထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီး သီလရှင်များထံဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး သီလရှင်များထံ ဆွမ်းဆန်တော်နှင့် အသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## အခြေခံပညာအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ အောင်မြေသာစံခရိုင်ပညာရေးမှူးဖလား၊ အသက်(၁၄)နှစ်အောက် အခြေခံပညာအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပရာ ဗိုလ်လုပွဲတွင် မဟ္တရာမြို့နယ် အခြေခံပညာအသင်းက အောင်မြေသာစံမြို့နယ် ကိုယ်ပိုင်ကျောင်းများအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်နှင့် တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့် နေရာအလိုက် အကောင်းဆုံးအားကစားသမားများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။ အဆိုပါဘောလုံးပြိုင်ပွဲကို အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မဟ္တရာမြို့နယ်တို့မှ အခြေခံပညာကျောင်းအသင်းများ၊ ကိုယ်ပိုင်ကျောင်းများအသင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအသင်းတို့ပါဝင်ပြီး အုပ်စုနှစ်စုခွဲကာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်–၆)



○စာမျက်နှာ ၂၄ မှ

ညီနောင်အသင်းများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အချက်အပြုတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စားဖွယ်စုံလင်ပြည်တစ်ခွင်" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်၊ မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီတည်ခင်းဧည့်ခံနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးတွင် အဖွင့်အမှာစကား ပြောကြားရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

နိုင်ငံတကာခရီးသွားလုပ်ငန်း နယ်ပယ်တွင် အစားအသောက်နှင့် ပတ်သက်သည့် ခရီးသွားလုပ်ငန်းပုံစံများ ရေပန်းစားလာခြင်းနှင့်အတူ တိုင်းရင်းသားပေါင်းစုံတို့ စုစည်းနေထိုင်ကြသည့် မိမိတို့နိုင်ငံတွင်လည်း ဒေသအလိုက်၊ လူမျိုးအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုများရှိသကဲ့သို့ ထူးခြားပြီး ဆွဲဆောင်မှုရှိသည့် အစားအစာပုံစံမျိုးစုံလည်း ရှိနေပါကြောင်း၊ ယင်းသည် ယနေ့နိုင်ငံတကာတွင် ခေတ်စားနေသည့် Gastronomy Tourism ကို မိမိတို့နိုင်ငံ၌ ဆောင်ရွက်နိုင်ရန် အလားအလာကောင်းများ များစွာရှိနေသည် ဟုဆိုနိုင်ပါကြောင်း၊ ယခုလို မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲများ စီစဉ်ကျင်းပခြင်းသည် မြန်မာတို့၏ ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်အပြင် မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာကသိအောင် မြှင့်တင်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလိုအစီအစဉ်များကို လုပ်သင့်လုပ်ထိုက်သည့်နေရာများတွင် နှစ်စဉ်ကျင်းပပြုလုပ်နိုင်ရန် အစီအမံများ စနစ်တကျပြင်ဆင်ပြီး နောင်နှစ်များတွင် နိုင်ငံတကာ ခရီးသွားများကိုပါ ဖိတ်ခေါ်နိုင်သည်အထိ ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲတွင် ဆုရရှိကြသည့် စားသောက်ဆိုင်များနှင့် ဟိုတယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

ယနေ့ မန္တလေးမြို့၌ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့်ပြပွဲသည် ရန်ကုန်တွင် ပြုလုပ်ခဲ့သည့်ပွဲ၏ အောင်မြင်မှုကို ဆက်လက်အရှိန်အဟုန်မြှင့်တင်ပြီး အထက်မြန်မာဒေသ၏ ထူးခြားသည့် ရိုးရာဟင်းလျာများ၊ ဒေသထွက်ကုန်များနှင့် ခေတ်မီအချက်အပြုတ်ဖန်တီးမှုများကို ပိုမိုကျယ်ပြန့်စွာ ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ကိန်းဝပ်တည်ရှိရာ မြန်မာ့အနုပညာနှင့် လက်မှုပညာတို့၏ဗဟိုချက်မဖြစ်သည့် ယဉ်ကျေးမှုမြို့တော်မန္တလေး၌ ဒုတိယအကြိမ်အဖြစ်ဆက်လက်ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် စီစဉ်ဆောင်ရွက်သည့်ဝန်ကြီးဌာနနှင့်အတူ ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ပါကြောင်း။

ယနေ့ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်စားဖိုမှူးများ၊ အချက်အပြုတ်ဝါသနာရှင်များနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ရိုးရာအစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်နိုင်ရေး ပါဝင်ဆောင်ရွက်ပေးသည့်အတွက် အထူးပင်ချီးကျူးဂုဏ်ပြုပါကြောင်း၊ မြန်မာ့ရိုးရာအစားအစာများကို အနုပညာမြောက်စွာဖြင့် အရသာရှိရှိ တီထွင်ဆန်းသစ်ချက်ပြုတ်ခြင်းဖြင့် မြန်မာ့ရိုးရာအစားအစာယဉ်ကျေးမှုကို ကမ္ဘာက သိအောင် မီးမောင်းထိုးပြနိုင်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်သည့်အခါတွင် မူလရိုးရာအရသာမပျောက်ပျက်စေရေး၊ ခေတ်မီဆန်းသစ်သည့် ပြသပြင်ဆင်မှုရှိစေရေး၊ သန့်ရှင်းလတ်ဆတ်မှုနှင့် ကျန်းမာရေးနှင့်ညီညွတ်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ အကဲဖြတ်ဒိုင်လူကြီးများအနေဖြင့်လည်း စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ မျှမျှတတ အကဲဖြတ်အမှတ်ပေးကြပြီး ဆုရရှိသင့်ရရှိထိုက်သည့် လက်ရာကောင်းများကို ရွေးချယ်ပေးကြရန် မှာကြားလိုကြောင်း၊ ပထမအကြိမ် ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သလို ယခုဒုတိယအကြိမ် မန္တလေးမြို့၌ကျင်းပသည့် အစားအစာပြိုင်ပွဲနှင့် ပြပွဲမှတစ်ဆင့် အထက်မြန်မာပြည်၏ ကြွယ်ဝလှသည့် ရိုးရာအစားအစာများ ပိုမိုထင်ရှားပေါ်လွင်လာပြီး မြန်မာ့ခရီးသွားလုပ်ငန်းနှင့် ဒေသတွင်းစီးပွားရေး တိုးတက်မှုကို အဓိကအထောက်အကူပြုနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (မန္တလေး) အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor နှင့် Gold Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက Sliver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက Bronze Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များအားလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များအားလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတထံ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆(မန္တလေး) အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင် ဆုရရှိကြသည့် စားသောက်ဆိုင်များနှင့် ဟိုတယ်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးက အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်အဖြစ်ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ဩဂုတ် ၂၃ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အစားအသောက်လုပ်ငန်းနယ်ပယ်မှ ဝါရင့်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်ပညာရှင်များ၏ အတွေ့အကြုံများကို မျှဝေပေးမည့် စကားဝိုင်းဆွေးနွေးပွဲများအပြင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၄၁ ခန်း ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက်(၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



အဆိုပါဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေး အတွက် အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်

တောင်တွင်းကြီး ဩဂုတ် ၂၂

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ဦးဆောင်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ယမန်နေ့ နံနက် ၇ နာရီက ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နောင်နောင်(ဗိဿနိုးမြေ)

## အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား လေးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သိရသည်။




ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်း နိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦးနှင့် ယူဂန္ဒာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၂၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၆၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၄၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၂၄ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၂၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

(က) ကာကွယ်ရေးဝန်ကြီးဌာန - ၀၆၇၃၄၀၄၆၃၄၊ ၀၆၇၃၄၀၄၆၃၅။
(ခ) စစ်ရေးချုပ်ရုံး - ၀၃၆၃၁၃၄၇
(ဂ) အလုပ်သမားဝန်ကြီးဌာန - ၀၆၇၃၄၃၀၁၈၁၊ ၀၆၇၃၄၃၀၁၈၂။

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ**

## ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့၌ ငွေကျပ် သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၂

ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် သိန်း ၃၂၀ တန်ဖိုးနှင့် မူဆယ်မြို့၌ ငွေကျပ် သိန်း ၁၈၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ ပြင်ဦးလွင်မြို့နယ် ပင်လိန်(အရှေ့)ကျေးရွာအနီးတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) ရွာသစ်ကလေးနေ သန့်ဇင်ဦး(ခ) အငယ်ကောင်မောင်းနှင်လာသော JIALING SUPER CUB အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၁၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၃၂၀) သိမ်းဆည်းရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် သိမ်းဆည်းရမိစိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ပြင်ဦးလွင်မြို့နယ် ညောင်ပင်သာရွာနေ ဖေယျာလင်း(ခ)စိုင်းလုံ (၃၉)နှစ်ကို ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ညောင်ပင်သာရွာအနီးတွင် ZONSEN CYCLONE အမျိုးအစားဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိသဖြင့် သန့်ဇင်ဦး(ခ)အငယ်ကောင်နှင့် ဖေယျာလင်း(ခ)စိုင်းလုံတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။



တရားခံ ဖေယျာလင်း(ခ)စိုင်းလုံနှင့် သန့်ဇင်ဦး(ခ)အငယ်ကောင်တို့အား သိမ်းဆည်းရမိစိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင်ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မြို့ရှောင်လမ်းတွင် ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာနေ မင်ရှုကိုင်း(၃၂)နှစ် မောင်းနှင်လာသော TOYOTA MARK II အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၈၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၈၀) ဖမ်းဆီးရမိသဖြင့် မင်ရှုကိုင်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ နံနက် ၁၀ နာရီ ၀၄ မိနစ် ၀၈ စက္ကန့်တွင် မြစ်ကြီးနား မြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် ၁၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(လေရှီးမြို့၏ အရှေ့-အရှေ့တောင်ဘက် ၄၁ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၅ ဒသမ ၃၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၀ ဒီဂရီ၊ အနက် ၇၂ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၆ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ ဇလ

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၄ | - | ၁ | မွန်ဇာ |
| အူဒီးနီစ် | ၁ | - | ၁ | ကိုမို |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၁ | - | ၃ | ဆီဗီလာ |
| ပလင်စီယာ | ၀ | - | ၀ | ဆဲလ်တာဗီဂို |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁) အနိုင်၊ အရှုံး (NGB)

| | | | | |
|---|---|---|---|---|
| လန်းစ် | ၅ | - | ၂ | အော်ဇေး |

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "သူရိယနေမင်း" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၅)ရပ်ကွက်နေ သန်းစိုးဦး(ခ)နေမင်းအား ညနေ ၅ နာရီ ၁၀ မိနစ်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။




# အမီလီယာအိုးလ်ဒ်ရှိုက်ဒ် မန်စီးတီးအမျိုးသမီးအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၂၂**

မန်စီးတီးအမျိုးသမီးအသင်းသည် အသင်းလူငယ် ကွင်းလယ်ကစားသမား အမီလီယာအိုးလ်ဒ်ရှိုက်ဒ်ကို ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက စိတ်ဝင်စားနေသည့် အပြင် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်စီးတီးအမျိုးသမီးအသင်းက ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုလာခြင်းဖြစ်သည်။

အမီလီယာအိုးလ်ဒ်ရှိုက်ဒ်က 'ကျွန်မ အခုလို မန်စီးတီးအမျိုးသမီးအသင်းနဲ့ ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်အောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

**(ယာပုံ)(NGB)**



# ဒီဒစ် နယူးကာဆယ်အသင်းတွင် ကျော နံပါတ်(၃၇) ဂျာစီ ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၂**

နောက်ခံကစားသမား ဒီဒစ်သည် နယူးကာဆယ်အသင်းတွင် ကျောနံပါတ်(၃၇)ဂျာစီကို ဝတ်ဆင် ကစားသွားမည်ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဘင်ဖီကာအသင်းမှ နယူးကာဆယ်အသင်းသို့ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။



နောက်ခံကစားသမား ဒီဒစ်သည် ဘင်ဖီကာအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၆ ပွဲကစားပြီး ၄၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် လက်ရှိနွေရာသီဈေးကွက်အတွင်းတွင် ကစားသမား ခြောက်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

# ပစ်ကာရီယိုကို တစ်ရာသီအငှားဖြင့် ဂျူပင်တပ်အသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၂**

ဂျူဗင်တပ်အသင်းသည် စပါးအသင်း ဂိုးသမား ဗစ်ကာရီယိုကို တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၇ ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဂျူဗင်တပ်အသင်း၏ ထုတ်ပြန်ချက်တွင် 'ဗစ်ကာရီယိုကို အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။

**(ဝဲပုံ)(NGB)**

# 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Iga Swiatek တက်ရောက်

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်ခဲ့သည်။



အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်မယ် Elena Rybakina ကို ၆-၄၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့် အမေရိကန်တင်းနစ်မယ် Jessica Pegula တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)(NGB)**

# ဒန်နီရယ်ဘူဒက်စကာ ဗီလာရီးရဲလ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် ဩဂုတ် ၂၂**

ဗီလာရီးရဲလ်အသင်းသည် အသင်းနောက်ခံကစားသမား ဒန်နီရယ်ဘူဒက်စကာကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ဗီလာရီးရဲလ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ **(အောက်ဝဲပုံ)**



ဗီလာရီးရဲလ်အသင်း၏ ထုတ်ပြန်ချက်တွင် 'ဒန်နီရယ်ဘူဒက်စကာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ သူဟာ ထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာမှာပါ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးမယ့် ကစားသမားတွေကို စာချုပ်သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ'ဟု ထုတ်ပြန်သည်။ **(NGB)**

# နည်းပြ ပီအဲရာကို နည်းပြသစ်အဖြစ် ဆီနီဂေါအသင်း ခန့်အပ်

**လန်ဒန် ဩဂုတ် ၂၂**

ဆီနီဂေါအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပီအဲရာကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် နိစ်၊ နယူးယောက်စီးတီး၊ ခရစ္စတယ်ပဲလေ့စ်၊ စထရာဘော့စ်၊ ဂျီနိုအာ စသည့် ကလပ်အသင်းများစွာကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဆီနီဂေါအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက်(၅၀)နှစ်အရွယ်ရှိ ပီအဲရာက 'ကျွန်တော် ဆီနီဂေါအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ'ဟု ပြောသည်။

**(NGB)**

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၈-၂၀၂၆<br>ည ၇း၃၀ နာရီ | အက်သလက်တီကို - ဗီလာရီးရဲလ် | အက်သလက်တီကို ၂-၀ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၅-၁ အက်သလက်တီကို |
| ၂၄-၈-၂၀၂၆<br>နံနက် ၀၀း၀၀ နာရီ | ဂီတာဖေး - ရေးဆင်း | ဂီတာဖေး ၁-၁ ရေးဆင်း<br>ရေးဆင်း ၁-၂ ဂီတာဖေး |
| ၂၄-၈-၂၀၂၆<br>နံနက် ၀၂း၀၀ နာရီ | အယ်လ်ချီ - ဘာစီလိုနာ | အယ်လ်ချီ ၁-၃ ဘာစီလိုနာ<br>ဘာစီလိုနာ ၃-၁ အယ်လ်ချီ |

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၈-၂၀၂၆<br>ည ၇း၃၀ နာရီ | ဘရိုက်တန် - အက်စတွန်ဗီလာ | ဘရိုက်တန် ၃-၄ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၁-၀ ဘရိုက်တန် |
| ။ | မန်စီးတီး - ဘုန်းမောက် | မန်စီးတီး ၃-၁ ဘုန်းမောက်<br>ဘုန်းမောက် ၁-၁ မန်စီးတီး |
| ။ | နယူးကာဆယ် - လီတာပူး | နယူးကာဆယ် ၂-၃ လီတာပူး<br>လီတာပူး ၄-၁ နယူးကာဆယ် |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၈-၂၀၂၆<br>ည ၇း၃၀ နာရီ | အန်းဂါးစ် - လိုင်လီ | အန်းဂါးစ် ၀-၁ လိုင်လီ<br>လိုင်လီ ၁-၀ အန်းဂါးစ် |
| ၂၃-၈-၂၀၂၆<br>ည ၉း၄၅ နာရီ | လီဟာဗာ - မိုနာကို | လီဟာဗာ ၀-၁ မိုနာကို<br>မိုနာကို ၃-၁ လီဟာဗာ |
| ၂၄-၈-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | ရင်းနက်စ် - ပီအက်စ်ဂျီ | ရင်းနက်စ် ၃-၁ ပီအက်စ်ဂျီ<br>ပီအက်စ်ဂျီ ၅-၀ ရင်းနက်စ် |

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၈-၂၀၂၆<br>ည ၁၁း၀၀ နာရီ | ဖရိုစီနိုနီ - ဂျူဗင်တပ် | ဖရိုစီနိုနီ ၁-၂ ဂျူဗင်တပ်<br>ဂျူဗင်တပ် ၃-၂ ဖရိုစီနိုနီ |
| ။ | ဗင်နီဇီယာ - လက်ချီ | ဗင်နီဇီယာ ၀-၁ လက်ချီ<br>လက်ချီ ၁-၁ ဗင်နီဇီယာ |
| ၂၄-၈-၂၀၂၆<br>နံနက် ၀၁း၁၅ နာရီ | အတ္တလန္တာ - ဆက်ဆူအိုလို | အတ္တလန္တာ ၀-၃ ဆက်ဆူအိုလို<br>ဆက်ဆူအိုလို ၂-၁ အတ္တလန္တာ |
| ။ | တိုရီနို - အေစီမီလန် | တိုရီနို ၂-၃ အေစီမီလန်<br>အေစီမီလန် ၃-၂ တိုရီနို |

## အင်္ဂလိပ် ချိန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၂၃-၈-၂၀၂၆<br>ညနေ ၅း၃၀ နာရီ | ဝက်စ်ဘရွန်း - ဘန်လေ | ဝက်စ်ဘရွန်း ၀-၀ ဘန်လေ<br>ဘန်လေ ၁-၁ ဝက်စ်ဘရွန်း |

## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သို့ ဘုရားဆင်းတုတော်များ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်သည် ဘုရားဆင်းတုတော်တစ်ဆူငွေကျပ် နှစ်သောင်းဖြင့် အလှူခံလျက်ရှိရာ ယာယီရွှေ့ပြောင်း နေထိုင်ကြသည့် ရဟန်းသံဃာ၊ ဗုဒ္ဓဘာသာဝင်တို့အား ဘုရားအနေကဇာတင်ပေးပြီး သက်ဆိုင်ရာမြို့နယ်ရှိ ဆရာတော်များမှတစ်ဆင့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ဥက္ကဋ္ဌ ဦးလှဝင်းက အလှူခံ၍ ပေးလှူလျက်ရှိသည်။ လှူဒါန်းကြသည့် အလှူရှင်များမှာ ယူအက်စ်အေမှ (ဖခင်ကြီး)ဦးမြင့်စိန်(၆၉)နှစ်၏ မွေးနေ့အလှူ၊ မသီရိပုဏ်မိသားစုက ဘုရားလေးဆူ၊ ချမ်းမြသာစည်မြို့နယ်နေ ဦးကျော်မိသားစုက ဒေါ်ခင်ပြုံးအား ရည်စူး၍ ဘုရားနှစ်ဆူ၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်အေးအေးမြင့်(၈၀)ပြည့်နှစ်၏ မွေးနေ့အလှူ ဘုရားနှစ်ဆူ၊ မန္တလေးမြို့နေ ဦးဆန်းထွန်း+ဒေါ်စိန်မြက ဘုရားနှစ်ဆူ၊ မဟာအောင်မြေမြို့နယ်နေ ဦးကိုလေး+ဒေါ်တင်ရွှေတို့အား ရည်စူး၍ (သမီး)ဒေါ်အေးအေး၊ (သား)ဦးတင်လှိုင် မိသားစုက ဘုရားနှစ်ဆူ၊ မန္တလေးမြို့နေ ဦးစိန်ဝင်း+ဒေါ်မြစိမ်း၊(သမီး)မစိမ်းလဲ့လဲ့ဝင်း မိသားစုက ဘုရားတစ်ဆူ၊ မန္တလေးမြို့နေ မိခင်၊ဖခင်တို့အား ရည်စူး၍ (သား)ဦးညွန့်ရှိန်၊ (သမီး) ဒေါ်တင်ကြိုင်၊ ဒေါ်တင်ဆိုင်၊ ဒေါ်ခင်လှိုင် မိသားစုက ဘုရားတစ်ဆူ၊ မန္တလေးမြို့နေ မိခင်ကြီးနှင့်အစ်မတို့အား ရည်စူး၍ မဇာနည်ရှိန်၊(သား)မောင်သာလင်းထက် မိသားစုက ဘုရားတစ်ဆူတို့ကို ယမန်နေ့က အသီးသီး လှူဒါန်းကြရာ အသင်းချုပ်ဒုဥက္ကဋ္ဌ ဒေါ်ခင်မြက ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပြန်လည်ပေးအပ်ခဲ့သည်။

လှူဒါန်းလိုပါက အသင်းချုပ်ရုံး ဖုန်း ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၄၄၂၀၇၄၄၆၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၉၄)





## မဟာတဏှာလဒါန ဆွမ်းဆန်တော်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မလွန်ဈေးဆန်လှူအသင်းကြီးမှ ဩဂုတ် ၂၁ရက် နံနက်ပိုင်းက မလွန်ဈေးဆန်လှူအသင်းကြီး နှစ် (၁၃၀)ပြည့် မဟာတဏှာလဒါန ဆွမ်းဆန်တော်လှူဒါန်းပွဲ ကျင်းပသည်။

ဆွမ်းဆန်တော်လှူဒါန်းပွဲတွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေ၊ သူတော် ၆၆၃၁ ပါးအတွက် ဆန်ခွဲ ၄၉၉၂ အိတ်၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ရဟန်း၊ သာမဏေ ၃၆၆၆ ပါးအတွက် ဆန်ခွဲအိတ် ၂၈၂၁ အိတ် စုစုပေါင်းရဟန်း သာမဏေ၊ သူတော် ၁၀၂၉၇ ပါး အတွက် ဆွမ်းဆန်တော်ခွဲအိတ် ၇၈၁၃ အား အသင်းကြီးဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အမှုဆောင်များက ကျောင်းတာဝန်ခံများထံ ပေးအပ်လှူဒါန်းကြပြီး ကျန်ရှိနေသော ကျောင်းတိုက်များနှင့် စာသင်တိုက်များသို့ အလှည့်ကျပေးဝေလှူဒါန်းမည်ဖြစ်သည်။

သက်တော်ရှည် မလွန်ဈေးဆန်လှူအသင်းကြီးသည် အစဉ်အလာမပျက် နှစ်စဉ် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီးသုံးရပ်နှင့် မန္တလေး(ခြောက်မြို့နယ်)ရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင် အလှူခံပုဂ္ဂိုလ်ပေါင်း ခြောက်သောင်းကျော်အား ဆွမ်းဆန်တော်များ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၇၀)**

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**



## ငါးဆူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဆူကျေးရွာ၌ (၁၂)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ငါးဆူကျေးရွာမှ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ငါးဆူကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ငါးဆူကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးအား ရန်ပုံငွေကျပ် ၅၂ ဒသမ ၅၅ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၄၅)**

## စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

**မြို့သစ် ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကျောင်းသား၊ ကျောင်းသူများအား အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်အတွက် စာအုပ်၊ စာစောင်များ လာရောက် ငှားရမ်းဖတ်ရှုကြရန်နှင့် စာပေဖတ်ရှုခြင်းဖြင့်ရရှိမည့် အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်မှ သုတ၊ ရသ စာအုပ်၊ စာစောင်များ ပြသခြင်း၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ နံရံကပ်စာစောင်များ ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**



## သဘာဝမြေသြဇာကန်ဖြင့် သဘာဝမြေဆွေးပြုလုပ်ခြင်းနှင့် တောင်သူပညာပေးသရုပ်ပြသ

**မြစ်သား ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်းနှင့် ဆက်စပ်ဌာနများမှ လယ်ယာသုံးစွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ လေမှုတ်သွင်းစနစ်မြေသြဇာကန်ဖြင့် မြေဆွေးပြုလုပ်သည့် တောင်သူပညာပေး သရုပ်ပြပွဲကို သဘာဝမြေသြဇာသုံးစွဲမှုတိုးမြှင့်ရန်နှင့် ဓာတ်မြေသြဇာသုံးစွဲမှုကိုလျှော့ချရန် ရည်ရွယ်၍ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက အဆိုပါရုံးဝင်းအတွင်း၌ သရုပ်ပြသခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းလင်းက သဘာဝမြေဆွေးပြုလုပ်ရာတွင် နွားချေး၊ ဖေဒါ၊ ကောက်ရိုးများကို အချိုးကျရောစပ်ခြင်း၊ လေမှုတ်သွင်းစနစ်ကန်ကိုအသုံးပြုခြင်း၊ အစိုဓာတ်နှင့်အပူချိန်ကို စနစ်တကျထိန်းသိမ်း၍ မြေဆွေးရင့်မာအောင်ပြုလုပ်ခြင်း စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ဒေသခံတောင်သူများအား သဘာဝမြေဆွေးမြေသြဇာပြုလုပ်နည်းအဆင့်ဆင့်ကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြပွဲသို့မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းလင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်၊ သက်ဆိုင်ရာဌာနများနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၄၀ ဦးတို့က လေပေးစနစ်ဖြင့် နွားချေး၊ ဖေဒါ၊ ကောက်ရိုးများအား သဘာဝမြေဆွေးပြုလုပ်သည့် မြေဆွေးထုတ်လုပ်မှုစနစ်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းတို့ တွေ့ဆုံ



**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်း ဖေမောင်နှင့် ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော် အသင်း(မန္တလေးကုန်စည်ဒိုင်)တို့ တွေ့ဆုံပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီက ချမ်းအေးသာစံ မြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ ရပ်ကွက်၊ အကွက်(၂၇၃)၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ၈၆လမ်း ရှိ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေး ကုန်စည်ဒိုင်)တွင် ကျင်းပခဲ့သည်။

တွေ့ဆုံပွဲသို့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်း ဖေမောင်၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ငွေ၊ အတွင်းရေးမှူး ဦးရဲလင်းအောင် နှင့် မြို့နယ်ကော်မတီဝင်များ၊ မြို့ နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှု ကော်မတီရုံးအဖွဲ့ဝင် ဦးစန်းမောင်၊ (မန္တလေးကုန်စည်ဒိုင်) အသင်း ဥက္ကဋ္ဌ ဦးမျိုးဆွေနှင့် အလုပ် အမှုဆောင်အဖွဲ့များ တက်ရောက် ခဲ့ကြသည်။

ရှေးဦးစွာ အလုပ်အမှုဆောင် အဖွဲ့က ပဲနှမ်းကုန်စည်ရောင်းဝယ် ဖောက်ကားမှု အခြေအနေများ အကြောင်း ဆွေးနွေးတင်ပြကြ သည်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ပြည်သူ့အသံ အား လွှတ်တော်သို့ တင်ပြပေး မှာဖြစ်၍ အခြေခံအချက်အလက် များကို သိရှိအောင် လာရောက် ကွင်းဆင်းပြီး ပွဲစားကုန်သည် တော်ကြီးများနှင့် တောင်သူများ ၏ အခက်အခဲများကို ဖြေရှင်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာ ကြသော ပွဲစားကုန်သည်စက်ပိုင် များ၊ ကထိန်တော်အသင်း အမှု ဆောင်များက ကုန်စည်စီးဆင်းမှု အခြေအနေများ၊ ငွေကြေးလည် ပတ်မှုအခက်အခဲများကို တင်ပြ ကြပြီး မန္တလေးကုန်စည်ဒိုင်အသင်း ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြော ကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**(ဝ၄၁)**



## အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း (၁၃)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့ နယ်၊ လမ်း ၈၀ ပေါ်ရှိ ယူနန်ဗုဒ္ဓ ဘာသာဘုရားကျောင်း ဂေါပက အဖွဲ့မှဦးစီး၍ တရုတ်နိုင်ငံကုန် သည်ကြီးများအသင်း(မန္တလေး) နှင့် အထက်မြန်မာပြည်တရုတ် ကုန်သည်ကြီးများအသင်းတို့က (၁၃)ကြိမ်မြောက် (စတုဒ္ဒသပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၆ နာရီ က ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူ ပွဲတွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ သံဃာတော် အပါး ၂၀၀ တို့အား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထု ငွေများ ဆက်ကပ်လောင်းလှူခဲ့ကြ ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



## သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်ပွဲ ကျင်းပ

**ပုသိမ်ကြီး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန္ဒာကျေးရွာ အုပ်စု၊ ကွင်းအမှတ်(၄၅၀)၊ ဦးပိုင် အမှတ်(၈၂)၊ တောင်သူ ဦးဟန်စိုး ၏ ရောမင်း မျိုးစပါးစိုက်ကွင်း၌ ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီခွဲက ဓာတ်မြေဩဇာလျှော့ချ သုံးစွဲရေးအတွက် သဘာဝမြေ ဩဇာနှင့် ဓာတ်မြေဩဇာ အချိုး ကျရောစပ်ကြဲပက်ပွဲ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် ခရိုင်တာဝန်ရှိ သူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးအောင် စိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက် ပျိုးရေး ကြီးကြပ်မှုကော်မတီဝင် များ၊ ဒေသခံတောင်သူများ တက် ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဓာတ်မြေ ဩဇာ လျှော့ချသုံးစွဲရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေ ဩဇာ အချိုးကျရောစပ်ပုံအကြောင်း ကို ရှင်းလင်းပြောကြားပြီး တိုင်း ဒေသကြီး ညွှန်ကြားရေးမှူးက ဆောင်ရွက်နေမှုများကို ထိရောက် စွာ အသုံးပြုနိုင်ရေး ထပ်လောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စပါးမျိုးစေ့ ထုတ် စိုက်ခင်းအတွင်း သဘာဝ မြေဩဇာနှင့် ယူရီးယား ဓာတ် မြေဩဇာ အချိုးကျရောစပ်၍ တောင်သူများ ကြဲပက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။ **(အပေါ်ပုံ) ရွှေရန်ကင်း**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေး ကွင်းဆင်းစစ်ဆေး၊ အသိပညာပေးဟောပြော

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ရတနာပုံလမ်းသွယ်(၂)တွင် နေထိုင် သော ဒေါ်စန္ဒာဝင်း အသက်(၅၂) နှစ်သည် AGE with moderate hydration underlying rheumatoid arthritis ဖြင့် မန္တလေးအထွေထွေရောဂါ ကုဆေးရုံကြီးတွင် ဩဂုတ် ၂၀ ရက်က ဆေးရုံတက်ကုသနေ ကြောင်းနှင့် ဓာတ်ခွဲအဖြေ Stool for cholera (positive) တွေ့ရှိကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူးထံသို့ အကြောင်းကြားလာသဖြင့် ဩဂုတ် ၂၁ရက် နံနက် ၉ နာရီ က တိုင်းဒေသကြီး ပြည်သူ့ကျန်း မာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မိုရ်ရိုး ဦးဆောင်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေး ရာတွင် တိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန မှူး၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်း မာရေး ဦးစီးဌာနမှူးများနှင့် ကျန်း မာရေးဆရာ၊ ဆရာမများက ရပ်ကွက်အတွင်းရှိ လူနာနေအိမ်သို့ သွားရောက်ကာ လူနာနှင့်ထိတွေ့ မိသားစုဝင်များအား Doxycycline တိုက်ကျွေးခြင်း၊ သုံးရေ များအား Chlorine ဆေးခတ် ခြင်း၊ သောက်သုံးရေများအား ရေသန့်စင်ဆေးပြားထည့်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ရပ်ကွက်အတွင်းရှိ နေအိမ်များကို သုံးရေများအား Chlorine ဆေးခတ်ခြင်း၊ သောက်သုံးရေများ အား ရေသန့်စင်ဆေးပြားထည့် ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်း ယင်လုံအိမ်သာသုံးစွဲမှု ရှိ၊ မရှိ၊ စနစ်တကျ အမှိုက်စွန့်ပစ်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ သည်။



ဆက်လက်၍ တိုင်းဒေသ ကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသ ရေးဦးစီးဌာနမှူး၊ ခရိုင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး တို့က ၄င်းရပ်ကွက်ဓမ္မာရုံ၌ ပြင်း ထန်ဝမ်းပျက်ဝမ်းလျှောလက္ခဏာ များ၊ အိမ်တွင်းကုသမှုနည်းလမ်း များ (ဓာတ်ဆားဖျော်နည်း)၊ သန့် ငါးသန့်ဖြင့် နေထိုင်ခြင်းအကြောင်း တို့အား ကျန်းမာရေးအသိပညာ ပေးဟောပြောခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ)**

**အလင်းသစ်**
**(ချမ်း/စည်-ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ်ကျန်းမာရေးထောက်ပံ့မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ထောက်ပံ့ငွေပေးအပ်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတက္ကသိုလ်ကျန်းမာ ရေးစောင့်ရှောက်မှု ကော်မတီမှ ဘာသာရပ်အသီးသီးမှ တင်ပြ သည့် ကျန်းမာရေးမကောင်း ၍ ဆေးကုသမှုခံယူနေသော ကန်တော့ခံဆရာ၊ ဆရာမကြီး များအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ကူညီလျက်ရှိရာ ဩဂုတ် ၁၉ ရက်က နန်းတော်ဆေးရုံတွင် အဆုတ်ရောဂါကြောင့် ဆေးကုသ မှုခံယူနေသော သင်္ချာဌာနမှ တွဲ ဖက်ပါမောက္ခ(ငြိမ်း)ဒေါ်ထိုက်ထိုက် ထံသို့လည်းကောင်း၊ ကုံကော် ဆေးရုံတွင် အူကျုံ၍ ခွဲစိတ်ကုသ မှုခံယူနေသော သင်္ချာဌာနမှ ပါမောက္ခ(ငြိမ်း)ဒေါက်တာသန်း ထွန်းဝင်းထံသို့လည်းကောင်း၊ သရဖူဆေးရုံတွင် နှလုံးရောဂါ ကြောင့် ဆေးကုသမှုခံယူနေသော သင်္ချာဌာနမှ ဆရာကြီးဒေါက်တာ ညွှန့်ရွှေထံသို့လည်းကောင်း ကျန်း မာရေးထောက်ပံ့ငွေကျပ် ငါးသိန်းစီ ပေးအပ်၍ ကျန်းမာရေးမေးမြန်းကာ အားပေးစကားပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာ ရေးစောင့်ရှောက်မှုကော်မတီအနေ ဖြင့် အဖွဲ့တည်ထောင်သည်မှ ဩဂုတ် ၁၉ ရက်အထိ ကန်တော့ ခံဆရာ၊ ဆရာမကြီး ၄၁၁ ဦး အတွက် ကျန်းမာရေးထောက်ပံ့ ငွေကျပ် သိန်း ၉၃၀ ပေးအပ်နိုင် ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၄၅)**



# ဟေမဝတသုတ္တန်ဒေသနာတော် အကျဉ်းချုပ်

မြတ်ဘုရားပွင့်တော်မူစဉ်အစ ဝါဆိုလမှာ ဟောကြားတဲ့ ဒေသနာတော်တွေနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် -

ဗုဒ္ဓဘုရားရှင်ဟာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ည ပစ္ဆိမယံရဲ့နောက်ဆုံး အရုဏ်တက်ခါနီးမှာ သိစရာရှိသမျှတရားအလုံးစုံကို သိမြင်တော်မူကာ သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူပါတယ်။ ဥရုဝေလတော နေရဉ္ဇရာ မြစ်ကမ်းအနီးက မဟာဗောဓိပင်ရင်း ပလ္လင်တော်ထက်မှာဖြစ်ပါတယ်။ ဘီစီအနေနဲ့ ၅၈၈ က ဗုဒ္ဓမြတ်စွာ ပွင့်တော်မူခဲ့တယ်လို့ ဆိုပါရစေ။ အဲ့ဒီနောက် မြတ်ဗုဒ္ဓဟာ အဲ့ဒီနေရာအနီး ဝန်းကျင်မှာပဲ သတ္တာသတ္တဟ ၄၉ ရက် တရားနှလုံးသွင်းဆင်ခြင်ပြီး စံနေတော်မူပါတယ်။ ဒီနောက် နှစ်လအကြာမှာ ဥရုဝေလတောမှ ၁၈ ယူဇနာကွာဝေးတဲ့ ဗာရာဏသီပြည်အနီး သားမျိုးအပေါင်းတို့ကို အသက်ဘေးက လွတ်ကင်းစေလို့ ဘေးမဲ့ပေးရာ မိဂဒါဝုန်တောရဂုံကို ကြွချီတော်မူပြီး ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဓမ္မစကြာဒေသနာကို ဟောကြားတော်မူပါတယ်။ အဲ့ဒီနေ့ဟာ လူအများသိရှိထားပြီးဖြစ်တဲ့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ရဲ့ ညနေဆည်းဆာအချိန်မှာပါ။ မြတ်ဗုဒ္ဓဘုရားရှင်ဟာ ဓမ္မစကြာဒေသနာတော်ကို လပြည့်နေ့ နေဝင်ချိန်ကစပြီး အဲ့ဒီနေ့ညရဲ့ ဒုတိယယံအစထိ ဟောကြားတော်မူခဲ့တာပါ။ အဲ့ဒီညရဲ့ တတိယယံဖြစ်တဲ့ နောက်ဆုံးပစ္ဆိမယံမှာ ဟောကြားတော်မူခဲ့တဲ့ ဒေသနာတစ်ခုကတော့ "ဟေမဝတသုတ်တော်"ပါ။ ဟေမဝတနတ်ဘီလူးစစ်သူကြီးနဲ့ သာတာဂီရိနတ်ဘီလူးစစ်သူကြီးတို့ကို အကြောင်းပြုပြီး ဟောကြားတဲ့ တရားဒေသနာတော်ပါ။ အမေး၊အဖြေပြုပြီး ဟောကြားတဲ့တရားမို့လည်း အလေးမထားလို့ လူသိနည်းတာ ဖြစ်နိုင်ပါတယ်။ ဟေမဝတသုတ္တန်ကို မပြောသေးခင် ဟေမဝတသုတ္တန်ဟောကြားဖို့ အကြောင်းဖန်လာတဲ့ နောက်ခံသမိုင်းကို ဦးစွာပြောပါရစေ။ ဒါမှသာဇာတ်ကြောင်း၊ ဇာတ်ရေလည်မှာ ဖြစ်ပါတယ်။

ရှေးယခင် ကဿပဘုရားရှင်လက်ထက်တော်က ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ကြသူ အမျိုးကောင်းသားနှစ်ဦးဟာ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်သွားပြီးနောက် ရဟန်းဘောင်ကို ဝင်ရောက်လာခဲ့ကြပါတယ်။ သူတို့နှစ်ဦးသာသနာ့ဘောင်ကို အတူတူ ဝင်ကြတာ မဟုတ်ပါဘူး။ တစ်ဦးက သာသနာ့ဘောင်ကို အရင်ဝင်ရောက်ကာ သာသနာ့ဝန်ကို ထမ်းဆောင်နေပြီး နောင်များကြာမှ ကျန်တစ်ဦးက သာသနာ့ဘောင်ကို ဝင်လာတာပါ။ ဒါကြောင့် တစ်ဦးက ဆရာဖြစ်ပြီး တစ်ဦးက တပည့်ပေါ့။ ဒီလိုနဲ့ အဲ့ဒီရဟန်းတော်နှစ်ပါးဟာ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်ပြီး ဝိနည်းမိုရ်သံဃာတော်နှစ်ပါးအဖြစ်နဲ့ သံဃာ့အလယ်မှာ သံဃာတို့ရဲ့အားကိုးရာ ဖြစ်လာခဲ့ပါတယ်။ တစ်နေ့မှာတော့ သီလပျက်ယွင်းပြီး ကိုယ်ထင်ရာကိုယ်လုပ်နေတဲ့ အဓမ္မဝါဒီအလဇ္ဇီရဟန်းကို သိက္ခာပုဒ်နဲ့အညီနေထိုင်ပြီး မြတ်စွာမိန့်ဟတရားဓမ္မကို ကျင့်ဆောင်နေထိုင်ဖို့ ဆုံးမတဲ့ ဓမ္မဝါဒီလဇ္ဇီရဟန်းတို့ တစ်ပါးနဲ့တစ်ပါး အချင်းများကြရာက ဝိနည်းအရာဆုံးဖြတ်ချက်ယူဖို့ ဝိနည်းမိုရ်ဆရာတော်ထံ သွားရောက်ရန်အထိ ဖြစ်လာခဲ့ပါတယ်။ အဲ့ဒီအခါမှာ အလဇ္ဇီရဟန်းဟာ အရင်ဦးအောင် ဝိနည်းမိုရ်ဆရာတော်များထံ ချဉ်းကပ်ပြီး ဆရာတော်များရဲ့ ဝတ်ကြီး၊ဝတ်ငယ်ပြုကာ ချစ်ခင်မှုကို ရယူပါတော့တယ်။ ဝိနည်းမိုရ်ဆရာတော်ကြီးနှစ်ပါးကလည်း ဝတ်ကြီး၊ဝတ်ငယ်ပြုစုရာမှာ လိမ္မာကျွမ်းကျင်တဲ့တပည့်အပေါ်မှာ ကျေနပ်နေခဲ့တာပေါ့။ ဒီလိုနဲ့ ဝိနည်းဆုံးဖြတ်ရမယ့် အချိန်ရောက်လာတော့ ဆရာတော်ကြီးတို့ဟာ အခက်တွေ့ကြရပြီပေါ့။ မိမိတပည့်က မှားနေကြောင်းသိပေမယ့် တိတိကျကျ ဆုံးဖြတ်ဖို့ ခက်နေတဲ့အတွက် အမှား၊ အမှန် မဆုံးဖြတ်ဘဲ ရေငုံနှုတ်ပိတ်နေကြလိုက်ကြပါတယ်။ ဒီတော့ သူတို့ကိုချဉ်းကပ်လာတဲ့ အလဇ္ဇီရဟန်းဘက်မျက်နှာလိုက်သလိုဖြစ်သွားတာပေါ့။ လဇ္ဇီရဟန်းတော်တို့က သာသနာကွယ်ပါပေါ့လို့ ငိုယိုမြည်တမ်းတော့မှ ဝိနည်းမိုရ်ဆရာတော်ကြီးများဟာ နောင်တကြီးစွာရကာ အဲ့ဒီနောင်တတရားကို တနုံ့နုံ့ခံစားပြီး စိတ်လက်ချမ်းမြေ့မှုမရှိဘဲ အဲ့ဒီစိတ်နဲ့မကြာခင်ကာလမှာ ဆင့်ကဲဆင့်ကဲ ပျံလွန်တော်မူသွားကြပါတယ်။ ပျံလွန်တော်မူပြီးတဲ့နောက် သူတို့ဟာ မှားသွားတဲ့အပြစ်ဒဏ်ရှိပေမယ့် ရဟန်းဘဝက ကျင့်ကြံအားထုတ်ထားတဲ့ တရားဓမ္မများကြောင့် ဆရာဖြစ်သူရဟန်းက ဟိမဝန္တာတောင်မှာ ဟေမဝတဆိုတဲ့အမည်နဲ့ နတ်ဘီလူးစစ်သူကြီး ဖြစ်သွားပါတယ်။ တပည့်ဖြစ်တဲ့ ရဟန်းကလည်းမဇ္ဈိမဒေသ သာတာဂီရိတောင်မှာ သာတာဂီရိနတ်ဘီလူးစစ်သူကြီးရယ်လို့ သွားဖြစ်ကြပါတယ်။ ဒါဟာ သူတို့ရဲ့နောက်ကြောင်းရာဇဝင်ပါ။

ဒီလိုနဲ့တစ်နေ့မှာတော့ နတ်သဘင်အစည်းအဝေးတစ်ခုမှာ သူတို့နှစ်ဦးသား ပြန်လည်ဆုံတွေ့ကြပြီး တစ်ဦးကိုတစ်ဦး မှတ်မိသွားကာ ယခင်ရဟန်းဘဝက လိုရင်းနှီးသွားကြပါတယ်။ ယခင်ရဟန်းဘဝက စာတတ်ပုဂ္ဂိုလ်အကျော်အမော်များဖြစ်ခဲ့ကြတဲ့အတွက် နောင်ကာလမှာ ဂေါတမဗုဒ္ဓဘုရားတစ်ဆူပွင့်တော်မူမှာကိုလည်း သိရှိနေကြပါတယ်။ ဂေါတမဗုဒ္ဓရဲ့ အဆုံးအမကြောင့် သူတို့နှစ်ဦး တရားထူးရမှာကိုလည်း သိနေကြပါတယ်။ ဒါကြောင့် လောကမှာအခါမဲ့ ပန်းတွေပွင့်ရင်၊ မြေတုန်လှုပ်ရင်၊ ဘုရားပွင့်ရင် သိသူကပြောကြစတမ်းလို့ တစ်ဦးကို တစ်ဦး ကတိကဝတ်ပြုကြပါတယ်။ ဒါပေမဲ့ နတ်စည်းစိမ်များ ခံစားနေကြလို့ အခါမဲ့ပန်းတွေ ပွင့်တာတို့၊ မြေတုန်လှုပ်တာတို့၊ ဘုရားပွင့်တာတို့ မသိလိုက်ကြပါဘူး။ တရားဦးဓမ္မစကြာဟောတော့မယ်ဆိုမှ သာတာဂီရိနတ်ဘီလူးက အရင်စသိပါတယ်။ သူရဲ့မိတ်ဆွေ ဟေမဝတကို သွားပြောဖို့ ကြံရွယ်ပေမယ့် တရားပွဲစမယ့်အချိန် လွန်စွာပဲနီးကပ်နေလေတော့ သွားမပြောဖြစ်ခဲ့ပါဘူး။ တရားပွဲထဲမှာများ သူ့မိတ်ဆွေများ ရောက်နေလေမလားဆိုပြီး ရှာဖွေကြည့်နေရလို့ တရားတော်ကိုတောင် ကောင်းကောင်း မနာကြားနိုင်ပါဘူး။ ဒါကြောင့်ပဲ မြဟ္မာ ၁၈ ကုဋေနဲ့ နတ်ပေါင်း အသင်္ချေကျွတ်တမ်းဝင်ကြပေမယ့် သာတာဂီရိနတ် မပါဝင်ခဲ့ပါဘူး။

သူ့မိတ်ဆွေကို ရှာမတွေ့လို့ မလာရောက်တာသိတဲ့အခါ သူတို့နှစ်ဦးထားရှိတဲ့ ကတိကဝတ်ပျက်မှာစိုးရိမ်တာကြောင့် တရားပွဲပြီးလျှင်ပြီးချင်း နတ်ဘီလူးစစ်သည်များခြံရံကာ ဟိမဝန္တာဘက်သို့ ထွက်လာခဲ့ပါတယ်။ သူလိုပဲ ဟိမဝန္တာမှာရှိတဲ့ ဟေမဝတနတ်ဘီလူးကလည်း သူတို့နေရာ ဟိမဝန္တာမှာ အခါမဲ့ပန်းတွေ ပွင့်ကာ ကမ္ဘာလောကကြီး သာယာလှပနေလို့ မိတ်ဆွေကို ပြသဖို့ သာတာဂီရိကိုလာခေါ်တာနဲ့ သူတို့နှစ်ဦး ရာဇဂြိုဟ်မြို့ သူဌေးတစ်ဦးရဲ့ အိမ်ခေါင်အပေါ်ကောင်းကင်ယံမှာ တွေ့ဆုံကြပါတယ်။ အဲ့ဒီအချိန်မှာ အောက်က သူဌေးကြီးအိမ်ကလည်း သူဌေးကြီးသမီး "ကာဠီ"ဆိုတဲ့ သတို့သမီးဟာ ကိုယ်ဝန်အရင့်အမာရှိနေတာကြောင့် တောင်ထိပ်နက္ခတ်ပွဲသဘင်ကို မသွားရဘဲ မိမိအိမ်တော်အတွင်း ပြာသာဒ်ပေါ်ကပဲ ကြည့်ရှုနေရတဲ့ အချိန်ပါ။ နတ်ဘီလူးစစ်သူကြီးနှစ်ဦး တွေ့ဆုံကြတဲ့အခါ လာရောက်ခေါ်ငင်ရတဲ့အကြောင်းကို အားရဝမ်းသာစွာ ပြောကြပါတယ်။

ဟေမဝတသုတ်တော်ဟာ ဒီကစ,ပါတယ်။ သာတာဂီရိက- "အဇ္ဇပန္နရသော ဥပေါသထော၊ ဒိဗ္ဗာရတ္တိ ဥပဋ္ဌိကာ အနောမနာမံသတ္ထာရံ ဟန္ဒပဿမ ဂေါတမံ"ဆိုတဲ့ ဂါထာနဲ့ "လပြည့်ထွန်းလင်း သီတင်းနေ့ဝယ်၊ နတ်ဝယ်တောက်မြူး ညအထူးမယ်၊ အရှင်ဂေါတမ မည်ရမျိုးနွယ်၊ တို့ဘုရား ခုသွားဖူးစို့ကွယ်။" ဆိုပြီး လောကသုံးပါးမှာ ဘုရားပွင့်ပြီမို့ သွားရောက်ဖူးကြဖို့ ဖိတ်ခေါ်ပါတယ်။ တရားဦးဓမ္မစကြာကိုပင် ဟောကြားနေပြီလို့ ပြောပါတယ်။

- ကဿပဘုရားရှင်ရဲ့ သာသနာတော်မှာ စာပေကျမ်းဂန်တတ်ကျွမ်းခဲ့သူများပီပီ သဗ္ဗညုတဘုရားရှင်တို့ရဲ့ ဂုဏ်တော်အနန္တကိုလည်း သိထားကြပါတယ်။ ဒါကြောင့် ဟေမဝတက ဘုရားစစ်ဘုရားမှန် တကယ်ဧကန် ဟုတ်၊ မဟုတ် စစ်တမ်းထုတ်တာက သင်တို့ဆရာဘုရားဆိုသူဟာ သတ္တဝါတိုင်းအပေါ်မှာ သုခိတ၊ ဒုက္ခိတ၊ ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ချစ်ခြင်းမုန်းခြင်း အလျဉ်းမရှိ ပကတိတည်ကြည်သောစိတ် တာဒိဂုဏ်နဲ့ ပြည့်စုံပြီး တစ်သွေးထဲတစ်သားထဲ ထားနိုင်ပါရဲ့လား။

- ဆန္ဒ၊ ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့မကပ်ငြိပါဘဲ စိတ်ကိုနိုင်နင်းပါရဲ့လားလို့ မေးပါတယ်။

**သာတာဂီရိ**- "မနောစဿ သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော၊ အထောဣဋ္ဌေ အနိဋ္ဌေစ၊ သင်္ကပ္ပဿ ဝသီကတာ"အစရှိဂါထာနှင့် "ငါ့တို့ဘုရား စိတ်ထားကောင်းစွာ သူခပ်သိမ်းအား သနားညီညာ၊ အာရုံကောင်းဆိုး ကြံမျိုးသုံးဖြာ၊ လိုရှိတိုင်း မဆိုင်းပြုနိုင်တာ"ဆိုပြီး ကုသိုလ်တရား ဖျက်ဆီးတတ်တဲ့ အဇ္ဈတ္တမာရ်၊ ဗာဟိရမာရ်အတွင်းရန်၊အပြင်ရန် အားလုံးကို ပယ်သတ်နိုင်ပြီဖြစ်လို့ မြင်းမိုရ်တောင်ကဲ့သို့၊ မဟာပထဝီမြေကြီးကဲ့သို့ ပကတိတည်ကြည်တဲ့စိတ် ရှိတဲ့အကြောင်း၊ ရန်သူမိတ်ဆွေမခွဲခြားဘဲ တန်းတူထားကာ ဆက်ဆံနိုင်ကြောင်း၊ ဆန္ဒ၊ ရာဂ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ကင်းစင်သဖြင့် အမျက်ဒေါသမထွက်ဘဲ အမြဲသည်းခံ ခွင့်လွှတ်တော်မူကြောင်း ပြန်ပြီးဖြေကြားပါတယ်။

**ဟေမဝတ** - ရဟန်းဂေါတမဟာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပတ်သက်တဲ့ မကောင်းမှုဒုစရိုက်မှားယွင်းတဲ့ အလေ့မှ ကင်းရှင်းပါရဲ့လား၊မမေ့မလျော့တဲ့ သတိတရားနဲ့ အာရုံတစ်ပါးစိတ်မသွားဘဲ ခိုင်မာတဲ့ သတိတရားရှိပါရဲ့လားလို့ မေးပြန်ပါတယ်။

**သာတာဂီရိ**- "နသောအဒိန္နံ အာဒိယတိ အထောပါဏေသု သညတော၊ အထောအာရာ ပမာဒမှာ၊ ဗုဒ္ဓေါဈာနံ နရိဉ္စတိ"အစရှိတဲ့ ဂါထာနဲ့ဖြေကြားတာက "မပေးဝတ္ထု ယူမှုကင်းကွာ၊ ညှဉ်းဆဲသတ်မှု မပြုသည်သာ၊ မေ့လျော့ရေးမှ ဝေးလှပေတာ၊ တို့ဘုရား ဈာန်သွားမဆိတ်ပါ။ "မုသာစသော နခဏတိ၊ အထောန ခိဏဗျပ္ပထော၊ အထောဝေဘူ တိဟံနာပဟ၊ မန္တာအတ္တံစ ဘာသတိ" အစရှိတဲ့ ဂါထာနဲ့ လိမ်လည်ပြောခြင်း အရှင်းကင်းသည်၊ ကြမ်းတမ်းရန့်ရှင်း ဆိုခြင်းပယ်သည်၊ ကုန်းချောစကား ပြောကြားရှောင်သည်၊ ကျိုးစီးပွား အရှိအားဆိုပါသည်"လို့ ဖြေကြားတဲ့အပြင်-

"နသောရဇ္ဇတိ ကာမေသု၊ အထောစိတ္တံ အနာဝိလံ၊ သဗ္ဗမောဟံ အတိက္ကန္တော၊ ဗုဒ္ဓေါစက္ခုမာ။" စတဲ့ဂါထာနဲ့ သူတစ်ပါးစည်းစိမ်ကိုမရှောင် အလိုရမ္မက်ကြီးခြင်း "အဘိဇ္ဈာ"၊ အခြားသူတစ်ပါးကို ပျက်စီးအောင် ကြံစည်ခြင်း"ဗျာပါဒ"၊ မသိနားမလည်မှု "မောဟ"ကို အခြေခံတဲ့ မှားယွင်းတဲ့အယူရှိခြင်း "မိစ္ဆာဒိဋ္ဌိ"စတဲ့ မနောကံဒုစရိုက်များလည်း မကပ်ငြိကြောင်းကိုလည်း "ကာမဂုဏ်ထဲ တပ်စွဲကင်းသည်၊ ဒေါသပြတ်စဲ အမြဲစိတ်ကြည်၊ မောဟသိမှား ကျော်၍သွားပြီ၊ တို့ဘုရား တရားဉာဏ်လင်းကြည်။"လို့ အကျယ်တဝင့် ရှင်းလင်းဖြေကြားပါတယ်။ နောက်တစ်ခါ ထပ်ပြောတာက "ဝိဇ္ဇာယစေဝ သမ္ပန္နော၊ အထောသံ သုဒ္ဓစရဏော၊ သဗ္ဗဿ အာသဝေါခိဏာ၊ နတ္ထိကဿ ပုနဗ္ဘဝေါ" စတဲ့ ဂါထာနဲ့ "ဝိဇ္ဇာဉာဏ်များ သုံးပါးရှစ်သွယ်၊ စရဏ ဆယ့်ငါး ကျင့်အားစုံတယ်၊ အာသဝေါခပ်သိမ်း ကုန်ငြိမ်းစင်ကြယ်၊ ဘဝသစ်မဖြစ်တော့ပြီကွယ်"လို့ မြတ်ဗုဒ္ဓဂုဏ်တော်တွေကို ချပြလိုက်ပါတယ်။

ဖြေကြားတဲ့ အဖြေစကားတွေကို ထောက်ပြီး ဟေမဝတနတ်ဘီလူးမင်းဟာ ဗုဒ္ဓဘုရားအစစ်အမှန်ဖြစ်ကြောင်း သိရှိသွားလို့ နှစ်ဖက်နတ်ဘီလူးစစ်သည်များခြံရံကာ သာတာဂီရိနတ်ဘီလူးနောက်ကို ဘုရားဖူးရန်လိုက်ပါသွားပါတော့တယ်။

ဒါဟာ ဟေမဝတသုတ္တန်ရဲ့အစပါ။ အရေးကြီးတဲ့ ဟေမဝတသုတ်ဒေသနာတော်ကို မရောက်သေးပါဘူး။ ဘုရားဂုဏ်တော်တွေကိုသာ ချီးကျူးပူဇော်တာပဲ ရှိပါသေးတယ်။ ဒါပေမဲ့ အထင်မသေးလိုက်ပါနဲ့။ ဗုဒ္ဓရှင်တော်ကို မဖူးတွေ့ရသေးဘဲ ဒီဂုဏ်တော်တွေကို ကြားနာရရုံနဲ့ ကြည်ညိုသဒ္ဓါပွားပြီး သောတာပတ္တိမဂ်ဆိုက်ပြီး သောတာပန်ဖြစ်သွားခဲ့တဲ့ သူရှိခဲ့ပါတယ်။ အဲ့ဒါကတော့ ရာဇဂြိုဟ်သူဌေးသမီး "ကာဠီ"ဆိုတဲ့ သတို့သမီးပါပဲ။ လူသားလောကမှာ အရှင်ကောဏ္ဍညနောက် ဒုတိယမြောက် သောတာပန်ဖြစ်သွားတဲ့သူ အမျိုးသမီး အာဇာနည်ပေါ့။

မြတ်ဗုဒ္ဓဘုရားရှင်ဟာ ဓမ္မစကြာတရားကို ပြန်လည်ရှင်းလင်းဟောကြားအပြီး ဝါဆိုလပြည့်ညရဲ့ ညဥ့်သုံးယံမှာ ဒုတိယယံအကုန် တတိယအစမှာ ဟေမဝတနတ်ဘီလူးနဲ့ သာတာဂီရိနတ်ဘီလူးသူတို့နှစ်ဦးဟာ ဘုရားထံရောက်ရှိသွားကြပါတယ်။ ဘုရားထံ ရောက်သွားကြပြီး မြတ်ဗုဒ္ဓရဲ့ဂုဏ်တော်အနန္တကို ချီးကျူးပူဇော်ကြပြီးနောက် သူတို့သိလိုသော မရှင်းလင်းတဲ့ အမေးပုစ္ဆာ ရှစ်ချက်ကို မေးလျှောက်ပါတယ်။ အချို့ကလည်း အမေးပုစ္ဆာ ၁၀ ခုလို့ ဆိုပါတယ်။

သူတို့မေးတဲ့ အမေးပုစ္ဆာကို လေ့လာကြည့်ရအောင် -

**ဟေမဝတ**-

၁။ အဘယ်သို့သောအကြောင်းကို ထောက်၍ "သတ္တလောက"လို့ ခေါ်ပါသလဲ။

၂။ အဘယ်သည်တို့နဲ့ ပေါင်းသင်းဆက်ဆံနေပါသလဲ။

၃။ အဘယ်ကိုမှီ၍ လောကလို့ခေါ်ပါသလဲ။

၄။ အဘယ်သို့သောအကြောင်းတွင် အားစိုက်ပင်ပန်းနေလို့ အနှိပ်စက်ခံနေရပါသလဲ။

၅။ ငါ၊ ငါ့ဥစ္စာလို့ စွဲလမ်းအပ်တဲ့တရားဟာ အဘယ်ဟာပါလဲ။

၆။ အဘယ်သို့ ပြုကျင့်လျှင် ဆင်းရဲမှ လွတ်မြောက်ပါမည်လဲ။

၇။ လောကမှာ အဘယ်သို့သောသူဟာ ကိလေသာ ရေအလျဉ်က ကူးမြောက်ကျော်လွှန်နိုင်ပါသလဲ။

၈။ အထက်အောက်၊ ဘေးဝဲ၊ ယာ မှီတွယ်စရာမရှိပါဘဲ အဘယ်သောသူသည် နက်ကျယ်လှစွာ ဘဝသံသရာဝဲဩဃထဲမှာ မနစ်မြုပ်ဘဲ ရှိနိုင်ပါသလဲလို့ မေးလျှောက်ပါတယ်။

ဒီတော့ မြတ်စွာဘုရားက-

**ဆသု လောကော သမုပ္ပန္နော၊**

**ဆသု ကုဗ္ဗတိ သန္ထဝံ၊**

**ဆန္နမေဝ ဥပါဒါယ၊**

**ဆသု လောကော ဝိဟညတိ။**

"ခြောက်ပါးရှိက လောကဖြစ်သည်။ ခြောက်ပါးမှာချင်း ပေါင်းသင်းနေသည်။ ခြောက်ပါးကိုစွဲ သတ္တဝါပဲ ခေါ်သည်။ ခြောက်ပါး၌ အားစိုက်ပင်ပန်းသည်။"လို့ "မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်"ဆိုတဲ့ အတွင်းအာယတနများရှိက "လောက"လို့ ခေါ်ကြောင်း၊ ဒီခြောက်ပါး ဒါမှမဟုတ် ခြောက်ပါးထဲက တစ်ပါးပါးရှိရင် လူ၊ နတ်၊ တိရစ္ဆာန်ဆိုတဲ့ "သတ္တလောက"လို့ ခေါ်ကြောင်း၊ သတ္တဝါအနန္တဟာ ဒီခြောက်ပါးနဲ့သာ ပေါင်းသင်းနေကြောင်း၊ ဒီအာယတနခြောက်ပါးအပေါ်မှာပဲ အားစိုက်နေကြသဖြင့် ပင်ပန်းနေကြကြောင်း ပုစ္ဆာ (၁)မှ(၄)အထိ ညွှန်ပြဟောကြားလိုက်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

မန်းမြေမှ ပန်းသပြေ

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ကျောက်ဆည်မြို့နယ်၌ ၂၀၂၆ ခုနှစ် ငှက်ပျောစိုက်ပျိုးပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ ဟန်မြင့်မိုရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၆ ခုနှစ် ငှက်ပျောစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ငှက်ပျောစိုက်ပျိုးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် တာဝန်ရှိသူများ၊ ကျောက်ဆည်ခရိုင် ပညာရေးမှူး ဒေါ်သီသီကျော်နှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့် ငှက်ပျောပင်များအားပေးအပ်ခဲ့ပြီး ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ (ဖီးကြမ်း) ငှက်ပျော ၈၂၀ ပင်အား စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက (ဖီးကြမ်း)ငှက်ပျောစိုက်ပျိုးနေမှုများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ခဲပုံ)**

**(၄၈၅)**

## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ကျင်းပ

**တံတားဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသည့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်ကို ယမန်နေ့ နံနက် ၁၀ နာရီက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး အ.ထ.က တံတားဦးကျောင်းသား၊ ကျောင်းသူများက ကျောင်းကျန်းမာရေးသရုပ်ဖော် တေးသီချင်းသီဆို ဖျော်ဖြေကြသည်။ ဆက်လက်၍ တံတားဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ကျောင်းကျန်းမာရေးလှုပ်ရှားမှု Video Clip ပြသခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် တာဝန်ရှိသူများ၊ တံတားဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေး အသိပညာပေးလုပ်ငန်းများဖြစ်သော မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာ



ပေးခြင်းနှင့် စနစ်မှန် သွားတိုက်နည်းအကြောင်းနှင့် လက်ဆေးနည်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေးခြင်းအကြောင်းကိုလည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် Vape သုံးစွဲမှုလျှော့ချရေးနှင့် အန္တရာယ်အကြောင်းကိုလည်းကောင်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးကင်းစေရေးအတွက် အစာငါးမျိုးအကြောင်း ချက်ပြုတ်ခြင်းနှင့် ထမင်းဘူးအကြောင်းကိုလည်းကောင်း၊ ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းကိုလည်းကောင်း၊ သံချဆေးတိုက်ကျွေးခြင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများအား လက်ဆေးနည်းသရုပ်ပြခြင်း၊ အဘိတ်ဆေးခတ်ခြင်းအကြောင်းကိုလည်းကောင်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုအဖြစ် သွားနှင့် ခံတွင်းကျန်းမာရေးစစ်ဆေးခြင်း၊ မျက်စိအမြင်အာရုံစစ်ဆေးခြင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူများအား ကိုယ်အလေးချိန်နှင့် အရပ်တိုင်းခြင်း၊ အထွေထွေကျန်းမာရေး စစ်ဆေးပေးနေမှုများအား လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၀၉)**

၀-၀-၀-၀-၀




## ဥပုသ်စောင့်ကြ ဝါတွင်းကာလ

* သာသနာကြုံတွေ့ရ
ထူးမြတ်စွ လူဖြစ်ချိန်ခါ၊
ဒါနတွေ ပြုလုပ်ထား
လှအားဖို့ပါ ။

* မြတ်ရဟန်း ထေရ်သံဃာ
ဝတ်ရုံကာ ဆင်မြန်းကြ
စီဝရံ ကုသိုလ်အထူးမို့
ကြည်နူးရင်မှ ။

* လောကဝယ် ကုသိုလ်ရမှ
ကောင်းမွန်ထား အမှန်ပေ
အကုသိုလ်ဟူသမျှ
ရှောင်ရှားကာနေ ။

* မြတ်သီလ ရှိပါစေ
ဘာဝနာရှုမှတ်ပွား
ဓမ္မရေသောက်သုံးကြလို့
အေးမြစေသား ။

* စေတနာ သဒ္ဓါတရား
ထက်သန်ထား တို့သူငါ
ဝါတွင်းအချိန် ဝါဆိုသင်္ကန်း
လှူဒါန်းကြပါ ။

* ဝါတွင်းကာလ ဥပုသ်စောင့်ကာ
စောင့်ကြလေ လူအများ
ကျောင်းဝိဟာ အရောက်လှမ်းလို့
ကြိုးပမ်းကာသွား ။ ။

**မောင်မောင်လင်းထွဋ်**
**(နန်းတော်ရှေ့)**

## မီးဖိုဆောင်သုံးဆေးပင်များအကြောင်း Online မှတစ်ဆင့် အသိပညာပေး Talk Show ကျင်းပ

**သာစည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မိမိတို့နေအိမ်များတွင် အလွယ်တကူ ရရှိနိုင်သော မီးဖိုဆောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံကို ပြည်သူများ သိရှိပြီး အသုံးချတတ်စေရန် Online မှတစ်ဆင့် အသိပညာပေး Talk Show ကို ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အသိပညာပေး Talk Show တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မြင့်မွန်တို့က မိမိတို့နေအိမ်များတွင် အလွယ်တကူရရှိနိုင်သော မီးဖိုဆောင်သုံးပစ္စည်းများဖြစ်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ နနွင်းနှင့် ခရမ်းချဉ်သီးတို့ကို အသုံးပြု၍ ကြိုတင်ကာကွယ်နိုင်ခြင်းနှင့် ကုသနိုင်သောရောဂါများအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၇)**



## လေလံခေါ်ယူခြင်း(ဈေးပြိုင်စနစ်)

၁၃၆-ကြိမ်မြောက်၊ မန္တလေးမြို့၊ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားနှင့် နန်းမြေဘုံသာစံ နန်းတော်ရာစန္ဒာမုနိဘုရား(၂)ဆူ၏ဗုဒ္ဓပူဇနီယဆွမ်းလောင်းလှူပွဲတွင်

(က) ပျော်ပွဲရွှင်ပွဲ(ကစားကွင်း)/ဈေးဆိုင်ခန်းများ/ကားနှင့်ဆိုင်ကယ်အပ်နှံခြင်း

(ခ) ဓာတ်သဘင်(ရုံသွင်းကပြခွင့်)

(ဂ) လျှပ်စစ်မီးထွန်းညှိခြင်း

လုပ်ငန်းတို့အားလေလံ(ဈေးပြိုင်စနစ်)ဖြင့်ပြုလုပ်သွားမည်ဖြစ်ပါ၍လုပ်ငန်းလေလံ(ဈေးပြိုင်စနစ်) လျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| လေလံလျှောက်လွှာရောင်းချမည့်ရက်အချိန် | (၁၉-၈-၂၀၂၆)နေ့ မနက်(၉း၀၀)နာရီမှ ညနေ(၅း၀၀)အထိ |
| လေလံလျှောက်လွှာနောက်ဆုံးရောင်း ချမည့်နေ့ရက်အချိန် | (၂၈-၈-၂၀၂၆)နေ့ ညနေ(၅း၀၀)နာရီအထိ |
| လေလံလျှောက်လွှာနောက်ဆုံးတင်သွင်း ရမည့်နေ့ | (၃၀-၈-၂၀၂၆)နေ့ ညနေ(၅း၀၀)နာရီအထိ |

လေလံလျှောက်လွှာဝယ်ယူခြင်းကိုလေလံဆွဲမည့်သူကိုယ်တိုင် မှတ်ပုံတင်နှင့်တကွလာရောက် ဝယ်ယူရန်။

**အသေးစိတ်အချက်အလက်များကို သိရှိလိုပါက**

**ဖုန်း-၀၉-၂၅၉၀၀၀၁၄၄၊ ၀၉-၂၀၂၄၇၃၁၊ ၀၉-၂၅၆၀၂၂၅၅၃၊**

**ရုံးဖုန်း-၀၉-၇၆၇၀၂၃၃၄၄၊ ၀၉-၇၇၀၃၆၃၀၇၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၅)၊ ဦးပိုင်အမှတ်(၉၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်နန်းဆူ အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သင်းသင်းကြူ(ဘ)ဦးဘကြူ(၉/မရတ(နိုင်)၁၂၆၇၆၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေလင်း (LL.B) ဒေါ်လင်းလင်းအောင် (LL.M)**

**(တရားလွှတ်တော်ရှေ့နေများ)**

**၃၂လမ်း၊ ၇၅လမ်းနှင့်၇၆လမ်းကြား၊ မောရဂီဝါရပ်ကွက်၊**

**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၆၂၉၈၆၊ ၀၉-၄၀၂၇၂၄၂၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်၊ အကွက်အမှတ်(၄၉၈-က/ကျီကုန်းကွင်း)၊ တိုးချဲ့မြေ(၃)၊ ဦးပိုင်နံပါတ်(၁၃၆-A/၁၃၇-A)၊ မြေဧရိယာ(၀ ဒသမ ၁၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဒေစီဦး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ် အဆောက်အဦး (ရေ+မီး)မီတာ၊ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးကျော်လှိုင်(ဘ)ဦးမောင်ကို(၉/မနမ(နိုင်)၀၅၉၃၀၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(ခ)ရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်နံပါတ်(ခ/၁၇၉)၊ မြေဧရိယာ(၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ ဒေါ်မိုးမိုးငယ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ် အဆောက်အဦး(ရေ+မီး)မီတာ၊ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးအေးထွဋ်(ဘ)ဦးပြူး(၉/မရမ(နိုင်)၀၇၅၆၇၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်မြတ်စုမွန်(ခ)မဖြူ (LL.B,D.B.L)**

**(တရားလွှတ်တော်ရှေ့နေ)**

**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၇၉၇၇၉၈၃၅၇၊ ၀၉-၂၅၉၀၉၀၄၃၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါက်တာဌေးအောင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင် အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်လှလှမေ(ဘ)ဦးလီချင်ရင်(ခ)ဦးကျင်တိတ်(၉/မရတ(နိုင်)၁၀၆၃၉၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဠ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၂၈)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးမောင်မောင်ကြီး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံပေါက်ရောက်သစ်ပင် အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးကျော်ထွန်းဦး(ဘ)ဦးပေါ်လာ(၉/ကဆန(နိုင်)၀၀၁၇၈၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ် ဒေါ်မီမီကျော်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးညွန့်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သည့် ဦးဆန်းသီး(ဘ)ဦးဟောင်းယှူဖူး(၉/မကန(နိုင်)၁၇၄၀၉၇)နှင့် ဒေါ်ဝသန်ဖြိုး(ဘ)ဦးအိုက်လူ(၁၃/နဆန(ဧည့်)၀၀၀၃၉၁)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အမိုနီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မြင့်သန်းဌေး [(LL.B, D.B.L, PCT(Treaty), IP(Law)] တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်ဇင်ဦး (LL.B)၊ ဒေါ်ဇင်မာစိုး (LL.B)၊ ဒေါ်သီရိအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၆၁-ခ)၊ အကွက်(၅၁၄/၄)၊ ကန်ကောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ။**

**ဖုန်း ၀၉-၇၉၈၇၄၄၁၀၃**

### မောင်ဘခိုင်(ခ)ဦးဘခိုင်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဦးပိုင်အမှတ်(၁၁၂)ဟု ခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၂၅)ဧက အကျယ်အဝန်းရှိ အခလွတ်ဂရန်မြေကွက်သည် သက်ဆိုင်ရာမြို့ပြမြေယာမှတ်တမ်းများ၊ မြေရာဇဝင်စာရင်းများတွင် မောင်ဘခိုင် အမည်ပေါက် အခလွတ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မောင်ဘခိုင်ထံမှ ဦးကျော်မြင့်က ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးကျော်မြင့်ထံမှ ကျွန်တော် ဦးကျော်စိုးမိုး(ခ)ကန်နား(၉/အမဇ(နိုင်)၀၀၃၆၁၂)က ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကျွန်တော် ဦးကျော်စိုးမိုး(ခ)ကန်နား ဝယ်ယူပိုင်ဆိုင်ထားသော ကတိစာချုပ်အရ ဖော်ပြပါအခလွတ်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မောင်ဘခိုင်(ခ)ဦးဘခိုင်မှ ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်ဘခိုင်(ခ)ဦးဘခိုင်နှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ-**

| လွှဲအပ်သူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးကျော်စိုးမိုး(ခ)ကန်နား | ဒေါ်နိုင်သူစာလင်း |
| (၉ /အမဇ(နိုင်)၀၀၃၆၁၂) | တရားလွှတ်တော်ရှေ့နေ |
| အနိုပ်တော်ရပ်ကွက်၊ | (စဉ်-၉၂၈၆) |
| အောင်မြေသာစံမြို့နယ်၊ | ၀၉-၂၅၉၂၂၀၃၄၅ |
| မန္တလေးမြို့။ | |
| ၀၉-၂၅၉၀၄၈၃၁၀ | |

### မောင်လုန်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၆)၊ ဦးပိုင်အမှတ်(၁၆)ဟု ခေါ်တွင်သည့် ဧရိယာ(၀ ဒသမ ၀၂၈၆)ဧက အကျယ်အဝန်းရှိ အခလွတ်ဂရန်မြေကွက်သည် သက်ဆိုင်ရာမြို့ပြမြေယာမှတ်တမ်းများ၊ မြေရာဇဝင်စာရင်းများတွင် မောင်လုန်း အမည်ပေါက် အခလွတ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မောင်လုန်းထံမှ ကျွန်မ ဒေါ်နုနုကြည်(၉/အမရ(နိုင်)၀၁၂၃၆၃)က ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကျွန်မ ဒေါ်နုနုကြည်(၉/အမရ(နိုင်)၀၁၂၃၆၃) ဝယ်ယူပိုင်ဆိုင်ထားသော ကတိစာချုပ်အရ ဖော်ပြပါအခလွတ်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မောင်လုန်းမှ ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်လုန်းနှင့် အများသိစေရန် အသိပေးကြေညာပါသည်။

**အသိပေးကြေညာသူ-**

| လွှဲအပ်သူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်နုနုကြည် | ဒေါ်နိုင်သူစာလင်း |
| (၉ /အမရ(နိုင်)၀၁၂၃၆၃) | တရားလွှတ်တော်ရှေ့နေ |
| ဒေါနဘွားရပ်ကွက်၊ | (စဉ်-၉၂၈၆) |
| အောင်မြေသာစံမြို့နယ်၊ | ၀၉-၂၅၉၂၂၀၃၄၅ |
| မန္တလေးမြို့။ | |
| ၀၉-၈၉၂၃၃၄၄၅၅ | |

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၃)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတုတ်စိန်(ဘ)ဦးမြမောင်(LWE-၁၀၇၁၇၀) အမည်ဖြင့် ဂရန်ချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်ထဲမှ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးရန်နောင်စိုး(ဘ)ဦးစိုးမြင့်(၉/မရမ(နိုင်)၀၈၆၆၆၂) ကိုင်ဆောင်သူထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ)**

**ဖဖ–၄၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၆)၊ ဦးပိုင်နံပါတ်(၇၈+၇၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅ + ၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းစီရှိ မြေကွက်များမှာ ဦးတင်ဝင်း(ဘ)ဦးသုန်(၉/ပသက(နိုင်)၀၄၀၆၀၉) အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါမြေကွက်များထဲမှ ဦးပိုင်နံပါတ်(၇၉)၊ ပေ(၃၀× ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဦးစိုးသီဟသန်း(ဘ)ဦးခင်မောင်သန်း(၉/အမရ(နိုင်)၁၁၄၁၅၇)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**

**ဖဖ–၄၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်၊ အကွက်(၄၉၇)၊ ဦးပိုင်(၈/၆၁၁)၏ အရှေ့ဘက်ခြမ်း၊ ပေ(၃၀ × ၄၀) မြေကွက်နှင့် မြေပေါ်မြေအောက် ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဒေါ်စန်းစန်းထွေး(ဘ)ဦးသောင်းကြိုင်(၉/မရတ(နိုင်)၁၂၈၈၂၅) ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဝယ်ယူခဲ့ပါသည်။

ကန့်ကွက်လိုသူများရှိပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း၊ တရားရုံးဒီကရီများ၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ကိုမြတ် (LL.B)**

**(စဉ်–၉၂၆၅) (တရားလွှတ်တော်ရှေ့နေ)**

**၈၁လမ်းနှင့် ၁၃လမ်းထောင့်၊ အကွက်(၅၂)၊ ပြည်လုံးချမ်းသာရပ်၊**

**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၉၅၃၉၃၉၉၂**

## ဦးအေးလွင်၊ ဒေါ်တင်တင်နှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၂၇)ဧက အကျယ်အဝန်းရှိ ဦးအေးလွင်၊ ဒေါ်တင်တင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဦးအေးလွင်(ပါ-၂)ဦးထံမှ ကျွန်မ-ဒေါ်မြဝင်း(ဘ)ဦးကျော်ရှိန်(၄/မတန(နိုင်)၀၀၂၆၂၂) က (၄-၄-၂၀၁၄)ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ အရောင်းအဝယ်ကတိစာချုပ်အရ ဖော်ပြပါဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဦးအေးလွင်နှင့် ဒေါ်တင်တင်တို့မှ ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ချုပ်ဆိုပေးရန် အသိပေးအကြောင်းကြားပါသည်။ အကယ်၍ ဦးအေးလွင်နှင့် ဒေါ်တင်တင်တို့အနေဖြင့် ဤကြေညာပါရှိသည့်အတိုင်း လာရောက်ချုပ်ဆိုခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအေးလွင်၊ ဒေါ်တင်တင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူ–**

**ဒေါ်မြဝင်း(၄/မတန(နိုင်)၀၀၂၆၂၂)**

**အကွက်(၄၉/၁၈)၊ အနိပ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၂)၊ ယခင် ဦးပိုင်နံပါတ်(၃-စ)၊ ယခု ဦးပိုင်နံပါတ်(၄၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၆၄)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပူးတွဲအမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဇော်ဦး(ဘ)ဦးခင်မြင့်(၉/မရတ(နိုင်)၀၄၂၆၆၃)နှင့် ဦးတင်လတ်ဝင်း(ဘ)ဦးတင်ဝင်းဆွေ(၅/မရန(နိုင်)၀၀၀၃၇၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဦးဖြိုးသာဓန် (LL.B)** **ဒေါ်မေစင်ဖြိုး (LL.B)** **ဦးမျိုးထက်လင်း (LL.B)** **ဒေါ်ရွှေရည်ဝင်း (LL.B)**

**အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၇၉၇၂၄၉၆၆၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၈)၊ ဦးပိုင်နံပါတ်(၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်မြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းလွင်ထွန်း(ဘ)ဦးတင်အောင် (၅/ငဇန(နိုင်)၀၃၅၆၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၆)၊ ဦးပိုင်နံပါတ်(၃၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဧယျာမင်းခန့်(ဘ)ဦးတင်မောင်ထွန်း(၉/ခမစ(နိုင်)၀၅၃၇၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်နံပါတ်(၆၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးမှတ်ပို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး(ခ)ဒေါ်တင်တင်ဌေး(ဘ)ဦးခင်မောင်(၉/မကန(နိုင်)၀၀၃၄၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစ်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၁၄)၊ ဦးပိုင်အမှတ်(၁၃-ဃ + ၁၃-စ + ၁၅-က + ၁၅-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်မွန်မွန်ကြည်(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ခအစ(နိုင်)၀၀၆၈၆၈)က နံကပ်(၂)ထပ် + နံကပ်(၁)ထပ် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၀)၊ ဦးပိုင်အမှတ်(၂၆)၊ မြေကွက်ပေါ်တွင် ဒေါ်ချိုချိုသင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ဗမန(နိုင်)၀၄၉၇၉၇)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၉)၊ ဦးပိုင်အမှတ်(၇-င + ၇-စ + ၇-ဆ + ၈-င + ၈-စ + ၈-ဆ)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းပပဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၁၀၉၀၅၆)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့် ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ (မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား


ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ - ၂၀၂၆ (မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မန္တလေး ဩဂုတ် ၂၂

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (မန္တလေး) (Tastes of the Golden Land 2026 Mandalay) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိမန္တလေးကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် စာမျက်နှာ ၉ သို့ ❍

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Moroz Denis နှင့် မင့်စ်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် ဓာတ်မြေသြဇာစက်ရုံများ အပါအဝင် Petrochemical Plant များ တည်ဆောက်ရန်အတွက် နည်းပညာနှင့် အရင်းအနှီးများထည့်ဝင်၍ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးမှုပိုက်လိုင်းကွန်ရက်အား အဆင့်မြှင့်တင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ဆုံးရှုံးမှုများ လျော့နည်းပပျောက်စေရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပို့လွှတ်မှုတို့တွင် စနစ်တကျထိန်းချုပ်ကွပ်ကဲနိုင်သည့် Smart Power Generation နှင့် Smart Grid တို့ ဖွံ့ဖြိုးလာစေရေးအတွက် နည်းပညာများ အကူအညီပေးရေး၊ မဟာဓာတ်အားလိုင်းများတွင် အသုံးပြုသည့် Cable များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှစ်ရပ်လုံးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေးသင်တန်းကျောင်းများ၊ တက္ကသိုလ်များတွင် လေ့ကျင့်သင်ကြားပေးရေး အပါအဝင် နှစ်နိုင်ငံစွမ်းအင်လုံခြုံရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန်အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ ဒုတိယ အထွေထွေညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ဗီယက်နမ်က အိမ်ရှင် ထိုင်းအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရ

**ရန်ကုန် ဩဂုတ် ၂၂**

အာဆီယံ Hyundai Cup 2026 ဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်ကို ယနေ့ ည ၇ နာရီခွဲက ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ဗီယက်နမ်အသင်းနှင့် အိမ်ရှင်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဗီယက်နမ်အသင်းက အိမ်ရှင်ထိုင်းအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ စံချိန်ဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့သည့် ဗီယက်နမ်အသင်းသည် ယနေ့ပွဲစဉ်တွင် အဝေးကွင်း၌ နိုင်ပွဲရယူနိုင်ခဲ့မှုကြောင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် အလားအလာ ကောင်းသွားခဲ့ပြီဖြစ်သည်။

ယခုပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းဘက်သို့ ထိရောက်သည့် ထိုးဖောက်မှုများဖြင့် ထိန်းချုပ်ကစားခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် ငုယင်ဟိုင်လောင်းက ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ပွဲချိန် ၆၉ မိနစ်တွင် တိုက်စစ်မှူး ငုယင်ကွမ်ဟိုင်က ဒုတိယဂိုး သွင်းယူပေးခဲ့ကာ ပွဲစဉ်ပြီးဆုံးချိန်တွင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အာဆီယံ Hyundai Cup 2026 ဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့သည် လာမည့် ဩဂုတ် ၂၆ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)



0-0-0-0-0

0-0-0

## ပရီးမီးယားလိဂ်ပွဲစဉ်(၁)တွင် အဲဗာတန်၊ အစ်ဆွစ်ချ်၊ လိဒ်စ်နှင့် ဘရန့်ဖို့ဒ်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် ဩဂုတ် ၂၂**

ပရီးမီးယားလိဂ်ပွဲစဉ်(၁)တွင် အဲဗာတန်၊ အစ်ဆွစ်ချ်၊ လိဒ်စ်နှင့် ဘရန့်ဖို့ဒ်အသင်းတို့ အသီးသီး နိုင်ပွဲကိုယ်စီရရှိခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီခွဲက အဲဗာတန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဲဗာတန်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၂မိနစ်တွင် ဒူစ်ဘာရီပောလ်၊ ပွဲချိန် ၅၃ မိနစ်တွင် သီယာနိုဘယ်ရီတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဆက်လက်၍ အစ်ဆွစ်ချ်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ ပွဲစဉ်တွင်လည်း အစ်ဆွစ်ချ်အသင်းက ဆန်းဒါးလန်းအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့်လည်းကောင်း၊ လိဒ်စ်အသင်းနှင့် နော်တင်ဟမ်ဖော့ရက်စ်အသင်းတို့ ပွဲစဉ်တွင်လည်း လိဒ်စ်အသင်းက နော်တင်ဟမ်ဖော့ရက်စ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

မြန်မာစံတော်ချိန် ည ၁၁နာရီက ဘရန့်ဖို့ဒ်အသင်းနှင့် စပါးအသင်းတို့ ပွဲစဉ်တွင်လည်း ဘရန့်ဖို့ဒ်အသင်းက စပါးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘရန့်ဖို့ဒ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၂မိနစ်တွင် လီဝစ်ပေါ်တာ၊ ပွဲချိန် ၃၃ မိနစ်တွင် ယဲနက်၊ ပွဲချိန် ၄၉မိနစ်တွင် ကာယိုဒီတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။ (NGB)

